သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

# ဘွဲ့ကြိုသင်တန်းများအတွက် Credit စနစ် ကျင့်သုံးခြင်း သင်ကြားရေးဆိုင်ရာ လမ်းညွှန်ချက်များ

စက်တင်ဘာလ၊ ၂၀၂၅ ခုနှစ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း | |
| ၂။ | အထွေထွေသတ်မှတ်ချက်များ | ၂ |
| ၃။ | အဓိပ္ပါယ်ဖွင့်ဆိုချက် | ၂ |
| ၄။ | ပညာသင်နှစ် | ၆ |
| ၅။ | ကျောင်းသားမှတ်ပုံတင်ခြင်း | ၇ |
| ၆။ | အထူးပြုဘာသာရပ် ခွဲဝေခြင်း | ၈ |
| ၇။ | ခရက်ဒစ်စနစ် | ၁၁ |
| ၈။ | သင်ယူရသော အထူးပြုဘာသာရပ်မှ စုပေါင်းရရှိသော ခရက်ဒစ် | ၁၁ |
| ၉။ | သင်တန်းကာလ | ၁၂ |
| ၁၀။ | အကဲဖြတ်စနစ် | ၁၂ |
| ၁၁။ | ကျောင်းသား၏ ပညာရေးဆိုင်ရာ အဆင့်အတန်း | ၁၆ |
| ၁၂။ | ပညာရေးဆိုင်ရာ ကျင့်ဝတ်များ | ၁၉ |
| ၁၃။ | လေ့လာမှုရွှေ့ဆိုင်းခြင်း | ၂၀ |
| ၁၄။ | သင်တန်းမှဆိုင်းငံ့ခြင်း | ၂၁ |
| ၁၅။ | ကျောင်းမှ ထုတ်ပယ်ခြင်း | ၂၁ |
| ၁၆။ | တက္ကသိုလ် ပြောင်းရွှေ့ခြင်း | ၂၁ |
| ၁၇။ | သင်တန်းမှ နုတ်ထွက်ခြင်း | ၂၂ |
| ၁၈။ | ဘွဲ့ဒီဂရီပေးအပ်ခြင်း | ၂၃ |
| ၁၉။ | အကိုးအကားများ | ၂၄ |

နောက်ဆက်တွဲများ

နောက်ဆက်တွဲ ၁။ ဘွဲ့ကြိုသင်တန်းအတွက် ခရက်ဒစ် အခြေပြု သင်ကြားသင်ယူမှုစနစ် ၂၅
(Credit Based Semester–Wised Academic System)

နောက်ဆက်တွဲ ၂။ GPA နှင့် CGPA တွက်ချက်ပုံနမူနာ ၃၃

# ဘွဲ့ကြိုသင်တန်းများအတွက် Credit စနစ် ကျင့်သုံးခြင်း သင်ကြားရေးဆိုင်ရာ လမ်းညွှန်ချက်များ

## ၁။ နိဒါန်း

နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ Polytechnic University တို့တွင် တက်ရောက်လျက်ရှိသော ဘွဲ့ကြို ကျောင်းသား၊ ကျောင်းသူများသည် သင်ကြားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များကို သိရှိလိုက်နာရန်အတွက် ပြဋ္ဌာန်းခြင်းဖြစ်သည်။

## ၂။ အထွေထွေသတ်မှတ်ချက်များ (General Allocations)

၂.၁ ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများသည် သင်ကြားရေးဆိုင်ရာ လမ်းညွှန်ချက်များစာအုပ်တွင်ပါရှိသော စည်းမျဉ်းစည်းကမ်းများကို အပြည့်အဝ သိရှိနားလည်ထားရမည်။ ဤစာအုပ်တွင် ဖော်ပြထားသည့် မူဝါဒအားလုံးကို လိုက်နာရန် ကျောင်းသား၊ ကျောင်းသူများအားလုံး၏ တာဝန်ဖြစ်သည်။

၂.၂ အဆိုပါစည်းမျဉ်းစည်းကမ်းများကို တက္ကသိုလ်ပညာရေးအဖွဲ့ (Senate) မှ အခါအားလျော်စွာ ပြင်ဆင်လိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက်ရယူ၍ ပြင်ဆင်နိုင်သည်။

၂.၃ ဤစည်းမျဉ်းစည်းကမ်းကို မှတ်ပုံတင်ထားသည့် ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းပြောင်းရွှေ့တက်ရောက်လျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံတကာမှ ဖလှယ်ရေးအစီအစဉ်အရ ကျောင်းတက်ရောက်လျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအားလုံး လိုက်နာစေရမည်။

## ၃။ အဓိပ္ပါယ်ဖွင့်ဆိုချက် (Definition)

(၁) **တက္ကသိုလ် (University)** ဟူသည် နည်းပညာတက္ကသိုလ်/ ကွန်ပျူတာတက္ကသိုလ်/ Polytechnic University တစ်ခုခုကို ဆိုလိုသည်။

(၂) **ကျောင်းသား (Student)** ဟူသည် ဘွဲ့ကြိုသင်တန်းများအတွက် မှတ်ပုံတင်ထားပြီး လေ့လာသင်ယူခြင်း၊ သုတေသနပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နေသော ကျောင်းသား၊ ကျောင်းသူဖြစ်သည်။

(၃) **ကျောင်းသားသစ် (New Student)** ဟူသည် စာသင်နှစ်ဝက်တစ်ခုမျှ သင်ယူပြီးမြောက်ခြင်း မရှိသေးသည့် ကျောင်းသား၊ ကျောင်းသူဖြစ်သည်။

(၄) **လက်ရှိကျောင်းသား (Current Student)** ဟူသည် လက်ရှိစာသင်နှစ်ဝက်တစ်ခုတွင် တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူဖြစ်သည်။

(၅) **လက်ရှိတက်ရောက်နေသောကျောင်းသား (Active Student)** ဟူသည် စာသင်နှစ်ဝက်အတွက် မှတ်ပုံတင်ခြင်း (Student Registration)၊ သင်တန်းမှတ်ပုံတင်ခြင်း (Course Registration) တို့ကို ဆောင်ရွက်ပြီးသော ကျောင်းသား၊ ကျောင်းသူ ဖြစ်သည်။

(၆) **သင်တန်းတက်ရောက်နေခြင်းမရှိသောကျောင်းသား (Inactive Student)** ဟူသည် စာသင်နှစ်ဝက်အတွက် မှတ်ပုံတင်ခြင်း (Student Registration)၊ သင်တန်းမှတ်ပုံတင်ခြင်း (Course Registration)၊ တက္ကသိုလ်သို့ပေးသွင်းရမည့် ကျောင်းလခ ပေးဆောင်ခြင်းတို့ကို ဆောင်ရွက်ခြင်းမရှိသော ကျောင်းသား၊ ကျောင်းသူ ဖြစ်သည်။

(၇) **ကျောင်းသားမှတ်ပုံတင်ခြင်း (Student Registration)** ဟူသည် စာသင်နှစ်ဝက်အတွက် သတ်မှတ်ထားသော အချိန်ကာလအတွင်း စာရင်းသွင်းခြင်း၊ ကျောင်းလခပေးသွင်းခြင်းဖြစ်သည်။

(၈) **သင်တန်းမှတ်ပုံတင်ခြင်း (Course Registration)** သည် သတ်မှတ်ထားသော အချိန်ကာလအတွင်း မိမိသင်ယူလိုသည့် ဘာသာရပ်များကို ရွေးချယ်၍ မှတ်ပုံတင် စာရင်းသွင်းခြင်းဖြစ်သည်။

(၉) **သင်တန်း (Course)** ဟူသည် ဘွဲ့သင်တန်းတစ်ခုတွင် အထူးပြုဘာသာရပ်အလိုက် ဘာသာရပ်များကို သင်ကြားပေးသည်။

(၁၀) **သင်တန်းဆိုင်ရာကိစ္စများ (Course Work)** ဟူသည် ဘွဲ့သင်တန်းတစ်ခုအတွက် သင်တန်းဆိုင်ရာကိစ္စများကို ဆောင်ရွက်ရသော အချိန်ကာလဖြစ်သည်။ စာတွေ့/ လက်တွေ့သင်ကြားခြင်း၊ ပရောဂျက်များဆောင်ရွက်ခြင်း၊ ကာလတို/ ကာလရှည် လုပ်ငန်းခွင်လက်တွေ့ကွင်းဆင်းခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ အစီရင်ခံစာ ရေးသားတင်ပြခြင်း၊ စာတမ်းပြုစုခြင်းများပါဝင်သည်။

(၁၁) **အဓိကဘာသာရပ် (Core Course) ဟူ**သည် အထူးပြုဘာသာရပ်အလိုက် ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက် သင်ယူရသော ဘာသာရပ်ဖြစ်သည်။

(၁၂) **စိတ်ကြိုက်ဘာသာရပ် (Elective Course)** ဟူသည် ဌာနတွင်း/ ဌာနပြင်ပမှ သင်ကြားပေးသည့် သင်တန်းအစီအစဉ်များအနက် ရွေးချယ်သင်ယူနိုင်သော ဘာသာရပ်ဖြစ်သည်။

(၁၃) **လေ့လာသူအဖြစ်တက်ရောက်သောသင်တန်း (Audit Course)** ဟူသည် သင်တန်းတက်ရောက်ရန် မှတ်ပုံတင်ရမည်ဖြစ်ပြီး ဘွဲ့ရရှိရန်အတွက် သင်ကြားချိန်ကို ထည့်သွင်းတွက်ချက်ခြင်းမပြုသော သင်တန်းဖြစ်သည်။

(၁၄) **ပညာသင်နှစ်ကာလ (Academic Session)** ဟူသည် ပညာသင်နှစ် (၁) ခုတွင် စာသင်နှစ်ဝက် (၂) ခု ပါဝင်သည်။

(၁၅) **စာသင်နှစ်ဝက် (Semester)** ဟူသည် လေ့လာသင်ကြားချိန် ရက်သတ္တပတ် (၁၆)ပတ် ကြာမြင့်သည်။

(၁၆) **ဘာသာရပ်တစ်ခုအတွက်ခရက်ဒစ် (Credit for One Course)** ဟူသည် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ တက္ကသိုလ်အလိုက်၊ အထူးပြုဘာသာရပ်အလိုက် သတ်မှတ်ထားသော သင်ကြားလေ့လာမှုပမာဏဖြစ်သည်။

(၁၇) **အထူးပြုဘာသာရပ် (Programme)** ဟူသည် မဟာဌာန/ ဌာနမှ ပေးအပ်သော ဘွဲ့ဒီဂရီအတွက် သင်ယူရသည့် အထူးပြုဘာသာရပ်တစ်ခုဖြစ်သည်။

(၁၈) **ဌာနမှူး (Head of Department/ Dean)** ဟူသည် သင်ကြားရေးမဟာဌာန/ ဌာနတစ်ခုကို ဦးဆောင်သည့် အကြီးဆုံးပညာရေးအရာရှိဖြစ်သည်။

(၁၉) **သင်တန်းမှူး (Programme Coordinator)** ဟူသည် လေ့လာသင်ယူမှုအစီအစဉ်တစ်ခုကို ညှိနှိုင်းဆောင်ရွက်ပေးသည့် ပညာရေးအရာရှိဖြစ်သည်။

(၂၀) **ကျောင်းသားစီမံခန့်ခွဲမှုစနစ် (Student Management System– SMS)** ဟူသည် ကျောင်းသား၊ ကျောင်းသူများ၏ အချက်အလက်များအားလုံးကို အချိန်နှင့်တစ်ပြေးညီ သိမ်းဆည်းထားနိုင်သော ကွန်ပျူတာဒစ်ဂျစ်တယ်စနစ်ဖြစ်သည်။

(၂၁) **တက္ကသိုလ်ပညာရေးအဖွဲ့ (Senate)** ဟူသည် သင်ကြားခြင်း၊ သုတေသနပြုခြင်း၊ စာမေးပွဲစစ်ခြင်း၊ ပညာရပ်ဆိုင်ရာ အသိအမှတ်ပြုလွှာများ ပေးအပ်ခြင်းကို ပြုလုပ်ပိုင်ခွင့်ရှိသည့် တက္ကသိုလ်၏ အမြင့်ဆုံးပညာရေးအဖွဲ့အစည်းဖြစ်သည်။

(၂၂) **ကျောင်းသားအယူခံကော်မတီ (Student Appeal Committee)** ဟူသည် ကျောင်းသား၊ ကျောင်းသူများ ဆက်လက် ပညာသင်ယူနိုင်ရန်အတွက် အသနားခံစာတင်ခြင်းကို စစ်ဆေးဆုံးဖြတ်ရသည့် ပါမောက္ခချုပ်မှ ဥက္ကဋ္ဌနှင့် ဒုတိယပါမောက္ခချုပ်မှ ဒု-ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သော ကော်မတီဖြစ်သည်။

(၂၃) **အခကြေးငွေ (Fee)** ဟူသည် တက္ကသိုလ်မှ သတ်မှတ်ထားသော ကျောင်းသား၊ ကျောင်းသူများ ပေးဆောင်ရမည့်ငွေဖြစ်သည်။

(၂၄) **ကျောင်းလခ (Study Fee)** ဟူသည် သင်တန်းတစ်ခုအတွက် သတ်မှတ်ထားသော အခကြေးငွေဖြစ်သည်။

(၂၅) **တက္ကသိုလ်ကြေး (University Fee)** ဟူသည် ကျောင်းသားထံမှ အခါအားလျော်စွာ ကောက်ခံသည့် အခကြေးငွေဖြစ်သည်။

(၂၆) **သင်ယူချိန်နာရီ (Learning Hour)** ဟူသည် သတ်မှတ်ထားသော ခရက်ဒစ် ပြည့်မီရန် လေ့လာသင်ယူရသည့်အချိန်ဖြစ်သည်။

(၂၇) **ပို့ချမှု (Lecture)** ဟူသည် သင်တန်းချိန်တစ်ခုအတွင်း သင်တန်းဆရာ၏ သင်ကြားပြသမှုဖြစ်သည်။

(၂၈) **ဆွေးနွေးသင်ကြားမှု (Tutorial)** ဟူသည် သင်ကြားသင်ယူမှုအပေါ်တွင် အထောက်အကူဖြစ်အောင် ပြုလုပ်သော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ဆွေးနွေးသင်ကြားမှုဖြစ်သည်။

(၂၉) **လုပ်ငန်းခွင်လက်တွေ့ကွင်းဆင်းခြင်း (Industrial Training/ Internship Training)**ဟူသည် ပြည်တွင်း/ ပြည်ပ/ စက်ရုံ/ အလုပ်ရုံ/ လုပ်ငန်းခွင်တစ်ခုခုတွင် သတ်မှတ်ကာလပြည့်မီအောင် လက်တွေ့သင်ကြားလေ့လာခြင်းဖြစ်သည်။

(၃၀) **သင်တန်းအကဲဖြတ်ခြင်း (Course Assessment)** ဟူသည် သင်ယူတတ်မြောက်မှု ရှိ/ မရှိကို သက်သေအထောက်အထားများနှင့် စဉ်ဆက်မပြတ် အဆင့်ဆင့် အကဲဖြတ်သော လုပ်ငန်းစဉ်ဖြစ်သည်။

(၃၁) **ရလဒ်အခြေပြုနည်းဖြင့် အထူးပြုဘာသာရပ်အတွက် အကဲဖြတ်ခြင်း (Programme Assessment by Outcome Based Education)** ဟူသည် ကျောင်းသား၊ ကျောင်းသူများ၏ စွမ်းဆောင်ရည်ကို ရလဒ်အခြေပြုစံနှုန်းများနှင့် ကိုက်ညီမှု ရှိ/မရှိ သက်သေအထောက်အထားများဖြင့် အကဲဖြတ်သော လုပ်ငန်းစဉ်ဖြစ်သည်။

(၃၂) **စဉ်ဆက်မပြတ်အကဲဖြတ်ခြင်း (Continuous Assessment)** ဟူသည် သင်တန်းတလျှောက်လုံးတွင် သင်ယူမှုရလဒ်များ၏ အောင်မြင်မှုအဆင့်ကို စဉ်ဆက်မပြတ် အကဲဖြတ်ခြင်းဖြစ်သည်။

(၃၃) **ပြန်လည်စစ်ဆေးအကဲဖြတ်ခြင်း (Re-examination Assessment)** ဟူသည် စာသင်နှစ်ဝက်တွင် ကျောင်းသား၊ ကျောင်းသူ၏ ကျရှုံးသည့် ဘာသာရပ်အား ပြန်လည်စစ်ဆေးခြင်းဖြစ်သည်။

(၃၄) **နောက်ဆုံးအကဲဖြတ်မှု (Final Assessment)** ဟူသည် စာသင်နှစ်ဝက်ကာလ ပြီးဆုံးချိန်တွင် အကဲဖြတ်ရသည့် စစ်ဆေးမှုဖြစ်သည်။

(၃၅) **စာသင်နှစ်ဝက်ပြန်လည်တက်ရောက်သင်ယူရခြင်း (Retake)** ဟူသည် Re–Exam ဖြေဆိုရာတွင် ထပ်မံကျရှုံးသူ၊ “U” (သို့မဟုတ်) “I” Grade ရရှိသည့် ကျောင်းသား၊ ကျောင်းသူသည် စာသင်နှစ်ဝက်ကို ပြန်လည်တက်ရောက်ရမည် ဖြစ်သည်။

(၃၆) **စာမေးပွဲ (Examination)** ဟူသည် သင်တန်းတစ်ခုအတွင်း ရမှတ်ထွက်စေမည့် စစ်ဆေးမှုနည်းလမ်းကို ဆိုလိုသည်။

(၃၇) **သင်ယူမှုဆိုင်းငံ့ခြင်း (Suspension of Study)** ဟူသည် ကျောင်းသား၊ ကျောင်းသူအား သင်ယူမှု ယာယီရပ်ဆိုင်းသည့်ကာလဖြစ်သည်။

(၃၈) **သင်တန်းအောင်မှတ် (Passing Mark)** ဟူသည် စာသင်နှစ်ဝက်အတွင်း သင်တန်းတစ်ခု အောင်မြင်ရန် သတ်မှတ်ထားသော အနိမ့်ဆုံးအမှတ်ဖြစ်သည်။

(၃၉) **သင်တန်းကျရှုံးခြင်း (Course Fail)** ဟူသည် သင်တန်းတစ်ခု အောင်မြင်ရန် သတ်မှတ်ထားသော အနိမ့်ဆုံးအမှတ် မမီခြင်းဖြစ်သည်။

(၄၀) **ပျမ်းမျှရမှတ်အဆင့် (Grade Point Average, GPA)** ဟူသည် စာသင်နှစ်ဝက် တစ်ခုအတွက် ကျောင်းသား၊ ကျောင်းသူ၏ စွမ်းဆောင်ရည်ကို ဖော်ပြသည်။

(၄၁) **စုစုပေါင်းပျမ်းမျှရမှတ်အဆင့် (CGPA)** ဟူသည် စာသင်နှစ်ဝက်အားလုံးအတွက် ကျောင်းသား၊ ကျောင်းသူ၏ စွမ်းဆောင်ရည်ကို ဖော်ပြသည်။

(၄၂) **ပညာရေးဆိုင်ရာအပြစ်ပေးမှု (Academic Punishment)** ဟူသည် ပညာရေးဆိုင်ရာ ပြစ်မှုများအတွက် ကျောင်းသားစည်းကမ်းထိန်းသိမ်းရေးကော်မတီက ကျောင်းသား၊ ကျောင်းသူအပေါ် ချမှတ်သော ပြစ်ဒဏ်ဖြစ်သည်။

(၄၃) **ခိုးယူကူးချမှု (Plagiarism)** ဟူသည် မူရင်းရေးသားသူ၏ အတွေးအခေါ်များ၊ အယူအဆများ၊ စကားလုံးများ၊ ဝါကျများ၊ အချက်အလက်များ၊ လုပ်ဆောင်ချက်များကို ငှားရမ်းကူးယူသုံးစွဲထားကြောင်း မှန်ကန်တိကျစွာဖော်ပြခြင်းမရှိဘဲ မိမိကိုယ်တိုင် ဖန်တီးသည့်အနေဖြင့် ခိုးယူကူးချခြင်းဖြစ်သည်။

## ၄။ ပညာသင်နှစ် (Academic Session)

တက္ကသိုလ်ပညာသင်နှစ်အား လေ့လာသင်ကြားချိန် (၁၆)ပတ် ကြာမြင့်သည့် စာသင်နှစ်ဝက်များဖြင့် ပိုင်းခြားဖွဲ့စည်းထားသည်။ တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေး

အဖွဲ့သည် လေ့လာသင်ကြားချိန်အား တက္ကသိုလ်အလိုက် ပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ်အသိအမှတ်ပြုရေး စံနှုန်းသတ်မှတ်ချက်များ ကိုက်ညီမှုရှိစေရန် လိုအပ်သလို ပြောင်းလဲ သတ်မှတ်နိုင်သည်။

## ၅။ ကျောင်းသားမှတ်ပုံတင်ခြင်း (Student Registration)

### ၅.၁ ကျောင်းသားသစ် မှတ်ပုံတင်ခြင်း

တက္ကသိုလ်သို့ ဝင်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအားလုံးသည် သတ်မှတ်ထားသော အချိန်ကာလအတွင်းတွင် စာရင်းသွင်းရမည်။ ဝင်ခွင့်ရရှိသည့် ပညာသင်နှစ်တွင် တက္ကသိုလ်သို့ လာရောက်ဆက်သွယ်ခြင်း မပြုသည့် ကျောင်းသား၊ ကျောင်းသူများသည် ကပ်လျက်ပညာသင်နှစ်တွင် မပျက်မကွက် တက်ရောက်ခွင့်ပြုရန် လျှောက်ထားရမည်။

### ၅.၂ လက်ရှိကျောင်းသားမှတ်ပုံတင်ခြင်း

၅.၂.၁ တက္ကသိုလ်မှ သတ်မှတ်ထားသောရက်အတွင်း လက်ရှိကျောင်းသားသည် စာသင်နှစ်ဝက်တစ်ခုစီအတွက် မှတ်ပုံတင်ရမည်။ သင့်လျှော်သော အကြောင်းပြချက်မရှိဘဲ မှတ်ပုံတင်ရန် ပျက်ကွက်ပါက ကျောင်းသားအဖြစ်မှ ဆိုင်းငံ့ခြင်းခံရမည်။

၅.၂.၂ သတ်မှတ်ထားသော ခရက်ဒစ်နှင့် မကိုက်ညီသော ကျောင်းသားအား မှတ်ပုံတင်မှု ဖျက်သိမ်း၍ သင်ကြားမှု ရွှေ့ဆိုင်းမည်ဖြစ်ပြီး အဆိုပါကာလကို ကျောင်းသား၏ အများဆုံးခွင့်ပြုသော သက်တမ်းအတွင်း ထည့်သွင်းတွက်ချက်မည်။

၅.၂.၃ ရွှေ့ဆိုင်း၊ ဆိုင်းငံ့ခံရသောကျောင်းသားသည် ရွှေ့ဆိုင်း၊ ဆိုင်းငံ့ကာလ လွန်မြောက်သွားပါက ကပ်လျက်စာသင်နှစ်ဝက်အတွက် မှတ်ပုံတင်ရမည်။

၅.၂.၄ တက္ကသိုလ်သို့ ပေးသွင်းရမည့် ကျောင်းလခများနှင့် ကြွေးမြီအားလုံးကို ပေးဆပ်ပြီးပါက ကျောင်းသားမှတ်ပုံတင်မှု ပြီးမြောက်မည်။

### ၅.၃ သင်တန်းမှတ်ပုံတင်ခြင်း

၅.၃.၁ ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများသည် ကျောင်းသားစီမံခန့်ခွဲမှုစနစ် (SMS) မှတဆင့် စာသင်နှစ်ဝက်တစ်ခုစီ၏ ပထမ (၂) ပတ်အတွင်း သင်တန်း

မှတ်ပုံတင်ခြင်းကို မပျက်မကွက် ဆောင်ရွက်ရမည်။ အမှားအယွင်း ရှိခဲ့ပါက သင်ကြားကာလ (၅) ပတ်အတွင်း တက္ကသိုလ်သို့ သတင်းပို့ရမည်။

၅.၃.၂ သင်တန်းမှတ်ပုံတင်ခြင်းသည် သတ်မှတ်ထားသော စာသင်နှစ်ဝက်အတွင်း သင်ကြားပေးမည့်ဘာသာရပ်များအတွက် မှတ်ပုံတင်ခြင်းဖြစ်သည်။

၅.၃.၃ ကျောင်းသား၊ ကျောင်းသူများသည် စာသင်နှစ်ဝက်တစ်ခုအတွင်း ခရက်ဒစ် (၁၀) မှ (၂၄) အတွင်းသာ မှတ်ပုံတင်ခွင့်ရှိသည်။ သတ်မှတ်ထားသော ခရက်ဒစ်အား လျှော့၍ (သို့မဟုတ်) တိုး၍ လျှောက်ထားလိုပါက သင်တန်းမှူး/ဌာနမှူး၏ ခွင့်ပြုချက် ရယူရမည်။

၅.၃.၄ ကျောင်းသား၊ ကျောင်းသူများသည် ဘာသာရပ်တိုးခြင်း၊ လျှော့ခြင်းကို သင်ကြားကာလ (၅) ပတ်အတွင်း မဟာဌာနမှူး/ ဌာနမှူး၏ သဘောတူညီချက်ဖြင့် ပြုလုပ်ရမည်။ ဘာသာရပ်သင်တန်း တစ်ခုကို တရားဝင် မှတ်ပုံတင်ထားခြင်းမရှိပါက ရမှတ် (Grade) ပေးမည်မဟုတ်ပါ။

၅.၃.၅ လေ့လာသူအဖြစ် မှတ်ပုံတင်ထားသော ဘာသာရပ် (Audit Course) အဆင့်ပြောင်းလဲမှုကို စာသင်နှစ်ဝက်၏ (၅) ပတ်အထိ ပြုလုပ်နိုင်သည်။

၅.၃.၆ မဖြစ်မနေသင်ယူရမည့်အခြေခံဘာသာရပ်များ (Fundamental Core Courses) ကို ပထမစာသင်နှစ်ဝက်နှင့် ဒုတိယစာသင်နှစ်ဝက်များတွင် သင်ကြားပေးသည်။

၅.၃.၇ လုပ်ငန်းခွင်လက်တွေ့ကွင်းဆင်းသည့်ကာလတွင် ကျောင်းသား၊ကျောင်းသူများသည် လက်တွေ့လေ့လာမှုမှလွဲ၍ အခြားဘာသာရပ်များကို သင်ယူခွင့်မရှိပါ။

၅.၃.၈ ကျောင်းသား၊ ကျောင်းသူများသည် သတ်မှတ်ပြဋ္ဌာန်းထားသော သင်ရိုးမာတိကာအရ ဘာသာရပ်များကို ရွေးချယ်စာရင်းသွင်း မှတ်ပုံတင်ရမည်။

## ၆။ အထူးပြုဘာသာရပ် ခွဲဝေခြင်း

### ၆.၁ နည်းပညာတက္ကသိုလ်များ/ Polytechnic University (နည်းပညာ)

၆.၁.၁ ပထမနှစ်ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာ တက္ကသိုလ်၌ ကျောင်းအပ်လက်ခံစဉ်ကာလအတွင်း ဘာသာရပ် ဆန္ဒပြု လျှောက်လွှာများအား တစ်ဦးချင်းစီ တစ်ပါတည်း ဖြည့်သွင်းရမည်။

၆.၁.၂ ကျောင်းသားများ၏ ဘာသာရပ်ရွေးချယ်မှု လျှောက်လွှာများကို အောက်ပါအတိုင်း စိစစ် လက်ခံမည်ဖြစ်သည်–

(က) ပထမနှစ်ဝင်ခွင့်ရရှိသူများ၏ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒနှင့် ဓါတုဗေဒ ဘာသာရပ် (၄) ခု၏ စုစုပေါင်းရမှတ်ကို အများမှအနည်းသို့ စီစဉ်၍ စာရင်းပြုစုထားမည်။

(ခ) နောက်ဆက်တွဲနှင့် ကျောင်းပြောင်းဝင်ခွင့်ရ ကျောင်းသားများအား သီးခြားစာရင်းပြုစုထားမည်။

၆.၁.၃ ဘာသာရပ်မိတ်ဆက် **Orientation** ကို ကျောင်းစတင်ဖွင့်လှစ်သည့် (၄) ပတ်အတွင်း ပါမောက္ခချုပ်၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာ အင်ဂျင်နီယာဘာသာရပ် သင်တန်းများမှ ဌာနမှူးများ (သို့မဟုတ်) စီနီယာ ကျောင်းသား၊ ကျောင်းသူများမှ ဆောင်ရွက်ရမည်။

၆.၁.၄ ဘာသာရပ်မိတ်ဆက်ဆောင်ရွက်ပြီး၍ ကျောင်းအပ်လက်ခံစဉ်ကာလအတွင်းက ဖြည့်သွင်းခဲ့သည့် ဘာသာရပ်ဆန္ဒပြု လျှောက်လွှာများအား ပြင်ဆင်လျှောက်ထားလိုပါက ဌာနမှူး(သင်တန်းရေးရာ) ထံသို့ ပြန်လည်လျှောက်ထားစေပါသည်။

၆.၁.၅ **Orientation** ကာလ (၄) ပတ် ပြီးပါက အပြီးသတ်စာရင်းများအား ပြုစုပြီး ဌာနမှူး(သင်တန်းရေးရာ) မှတဆင့် တက္ကသိုလ်ပညာရေးအဖွဲ့သို့ တင်ပြပြီး ဘာသာရပ်ခွဲဝေခြင်းကို ဆောင်ရွက်မည်။

၆.၁.၆ ဘာသာရပ်ခွဲဝေရာတွင် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ပေးပို့လာသော ပထမနှစ်ဂင်ခွင့်ရ ကျောင်းသားဦးရေအနက် ဘာသာရပ်အလိုက် ကျောင်းအပ်နှံသူဦးရေ အပေါ်မူတည်၍ ရာခိုင်နှုန်းခွဲဝေ သတ်မှတ်ဆောင်ရွက်မည်။

၆.၁.၇ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များမှ တစ်ဘာသာချင်း လက်ခံနိုင်မည့် ကျောင်းသား ဦးရေ၊ ဦးစားပေး လျှောက်ထားသောဘာသာရပ်၊ တက္ကသိုလ်ဝင်တန်း ဘာသာရပ် (၄) ခု၏ စုစုပေါင်း ရမှတ်များပေါ်မူတည်၍ ဘာသာရပ်ခွဲဝေခြင်း ဆောင်ရွက်သည်။ သက်ဆိုင်ရာ ဘာသာရပ်အလိုက် အများဆုံးနှင့် အနည်းဆုံးရမှတ်များကို သတ်မှတ်မည်။

၆.၁.၈ နောက်ဆက်တွဲဝင်ခွင့်ရနှင့် ကျောင်းပြောင်းခွင့်ရ ကျောင်းသားများ၏ ဘာသာရပ်ခွဲဝေခြင်းကို **ကနဦးခွဲဝေစာရင်းအရ ဘာသာရပ်အလိုက်**

**အများဆုံးနှင့် အနည်းဆုံးရမှတ် အပေါ်မူတည်၍** ဦးစားပေးလျှောက်ထားသော ဘာသာရပ်အရ ခွဲဝေဆောင်ရွက်မည်။

၆.၁.၉ သက်ဆိုင်ရာဌာနမှူးများမှ ဘာသာရပ်ခွဲဝေအတည်ပြုပြီးသော ကျောင်းသားများစာရင်းကို ဝင်ခွင့်ရအမှတ် အများအနည်းအလိုက် စီစဉ်စစ်ဆေးအတည်ပြုပြီး ဌာနမှူး(သင်တန်းရေးရာ)ထံသို့ အပ်နှံရမည်။

၆.၁.၁၀အဆိုပါ ဘာသာရပ်အလိုက် ဝင်ခွင့်ရကျောင်းသားစာရင်းကို ဌာနမှူး(သင်တန်းရေးရာ) မှ ထုတ်ပြန်ကြေညာမည်။

၆.၁.၁၁ဘာသာရပ်ပြောင်းလဲ လျှောက်ထားလိုသူများရှိပါက ဘာသာရပ်အလိုက်ဝင်ခွင့်ရ ကျောင်းသားစာရင်း ထုတ်ပြန်ကြေငြာသည့်နေ့မှ တစ်ပတ်အတွင်း မိမိပြောင်းလဲလျှောက်ထားလိုသော ဘာသာရပ်၏ အနိမ့်ဆုံးအမှတ်ကို ပြည့်မီသူများသာ ကျောင်းသားရေးရာဌာနသို့ သက်ဆိုင်ရာဘာသာရပ် ဌာနမှူးနှင့် ပြောင်းရွှေ့လိုသော ဘာသာရပ်ဌာနမှူးများ၏အတည်ပြုချက်ဖြင့် လာရောက် လျှောက်ထားပြောင်းရွှေ့ခွင့်ရှိသည်။

၆.၁.၁၂ဌာနမှူး(သင်တန်းရေးရာ)မှ တက္ကသိုလ်ပညာရေးအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူပြီး ဘာသာရပ် ပြောင်းရွှေ့ခြင်းကို ဆောင်ရွက်ရမည်။

၆.၁.၁၃အထူးပြုဘာသာရပ်အလိုက် တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ကျောင်းသူများအား ခုံအမှတ်စာရင်း ထုတ်ပြန်၍ ပထမနှစ်(အင်ဂျင်နီယာ)သင်တန်းများသို့ တက်ရောက်စေမည်။

## ၆.၂ ကွန်ပျူတာတက္ကသိုလ်များ/ Polytechnic University (ကွန်ပျူတာ)

၆.၁.၁ ဘာသာရပ်မိတ်ဆက် Orientation ကို ကျောင်းစတင်ဖွင့်လှစ်သည့် (၄)ပတ် အတွင်းပါမောက္ခချုပ်၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာ ဘာသာရပ်သင်တန်းများမှဌာနမှူးများ (သို့မဟုတ်) စီနီယာကျောင်းသား၊ ကျောင်းသူများမှ ဆောင်ရွက်ရမည်။

၆.၁.၂ ဒုတိယနှစ်သင်တန်း (Semester III) ကျောင်းအပ်နှံစဉ်ကာလအတွင်း ဘာသာရပ်ဆန္ဒပြု လျှောက်လွှာများအား Course Registration Form တွင် တစ်ပါတည်းဖြည့်သွင်းရမည်။

၆.၁.၃ ဘာသာရပ်ခွဲဝေရာတွင် ဘာသာရပ်အလိုက် လက်ခံနိုင်မည့် ကျောင်းသားဦးရေကိုသတ်မှတ်ခြင်းမရှိဘဲ ကျောင်းသားဆန္ဒအတိုင်းသာ လျှောက်ထားရမည်။

၆.၁.၄ ဌာနမှူး(သင်တန်းရေးရာ)သည် သင်တန်းမှူးမှ စုစည်းပေးပို့သော ဘာသာရပ်ရွေးချယ်မှုလျှောက်လွှာ (Course Registration Form) များအား စိစစ်လက်ခံပြီး တက္ကသိုလ်ပညာရေးအဖွဲ့ထံသို့ တင်ပြအတည်ပြုရမည်။

၆.၁.၅ တက္ကသိုလ်ပညာရေးအဖွဲ့မှ စစ်ဆေးအတည်ပြုပြီးသော ဘာသာရပ်အလိုက်ဝင်ခွင့်ရ ကျောင်းသားစာရင်းကို ဌာနမှူး(သင်တန်းရေးရာ) မှ ထုတ်ပြန် ကြေညာမည်။

၆.၁.၆ ဘာသာရပ်ပြောင်းလဲ လျှောက်ထားလိုသူများရှိပါက ဘာသာရပ်ခွဲဝေသည့် ကျောင်းသားစာရင်း ထုတ်ပြန်ကြေညာသည့်နေ့မှ (၂) ပတ်အတွင်း သင်တန်းမှူးမှတစ်ဆင့် မိမိပြောင်းလဲလျှောက်ထားလိုသော ဘာသာရပ်ဌာနမှူးများ၏ အတည်ပြုချက်ဖြင့် လာရောက်လျှောက်ထားပြောင်းရွှေ့ခွင့်ရှိသည်။

၆.၁.၇ ဌာနမှူး(သင်တန်းရေးရာ)မှ တက္ကသိုလ်ပညာရေးအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူပြီး ဘာသာရပ်ပြောင်းရွှေ့ခြင်း ဆောင်ရွက်ရမည်။

## ၇။ ခရက်ဒစ်စနစ် (Credit System)

၇.၁ ဘာသာရပ်သင်တန်းတစ်ခုစီ၏ သင်ရိုးညွှန်းတမ်းများတွင် သတ်မှတ်ထားသော ခရက်ဒစ် တန်ဖိုးရှိသည်။

၇.၂ ဘာသာရပ်သင်တန်းတစ်ခုစီ၏ ခရက်ဒစ်တန်ဖိုးသည် သင်ယူချိန်များအပေါ် မူတည်သည်။ ခရက်ဒစ် အခြေပြု သင်ကြားသင်ယူမှုစနစ်ကို နောက်ဆက်တွဲ (၁) တွင် အသေးစိတ် ဖော်ပြထားသည်။

## ၈။ သင်ယူရသော အထူးပြုဘာသာရပ်မှ စုပေါင်းရရှိသောခရက်ဒစ် (Programme Accumulated Credit)

၈.၁ ကျောင်းသား၊ ကျောင်းသူများသည် သင်တန်းတစ်ခုစီအတွက် သတ်မှတ်ထားသော အနည်းဆုံး ခရက်ဒစ်ပမာဏကို ရရှိရမည်။ တက္ကသိုလ်ပညာရေးအဖွဲ့သည် အထူးလိုအပ်ချက်အရ အနည်းဆုံး ခရက်ဒစ်ပမာဏကို ပြောင်းလဲသတ်မှတ်နိုင်သည်။

၈.၂ သင်တန်းတစ်ခုစီအတွက် သတ်မှတ်ထားသော ခရက်ဒစ်သည် တက်ရောက်ခဲ့သော ဘာသာရပ် စုစုပေါင်းအပေါ်မူတည်၍ တွက်ချက်သည်။

## ၉။ သင်တန်းကာလ (Duration of Study)

၉.၁ တက္ကသိုလ်သင်တန်းကာလများမှာ အောက်ပါအတိုင်းဖြစ်သည်-

| အထူးပြုဘာသာရပ် | ဘွဲ့ကြိုသင်တန်းကာလ | |
|---|---|---|
| | အနည်းဆုံး | အများဆုံး |
| B.E./B.Arch ဘွဲ့ကြိုသင်တန်း ၅ နှစ် | စာသင်နှစ်ဝက် (၁၀)ခု | စာသင်နှစ်ဝက် (၁၆)ခု |
| B.S(Biotechnology)ဘွဲ့ကြိုသင်တန်း ၄ နှစ် | စာသင်နှစ်ဝက် (၈)ခု | စာသင်နှစ်ဝက် (၁၄)ခု |
| B.C.Sc/B.C.Tech. ဘွဲ့ကြိုသင်တန်း ၄ နှစ် | စာသင်နှစ်ဝက် (၈)ခု | စာသင်နှစ်ဝက် (၁၄)ခု |

၉.၂ သတ်မှတ်ထားသည့် သင်တန်းကာလထက် ကျော်လွန်၍ သို့မဟုတ် လျှော့နည်း၍ သင်ကြားလိုပါက တက္ကသိုလ်ပညာရေးအဖွဲ့၏ ထောက်ခံတင်ပြချက်ဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူရမည်ဖြစ်သည်။

၉.၃ ကျရှုံးနှင့် ရပ်စဲခံကျောင်းသားများအား ကျောင်းဆက်လက် တက်ရောက်စေရန် တက္ကသိုလ်ပညာရေးအဖွဲ့က သဘောတူပါက ကျောင်းစတင်တက်ရောက်သည့် နှစ်ကို သင်တန်းကာလတွင် ထည့်သွင်းစဉ်းစားမည်။

## ၁၀။ အကဲဖြတ်စနစ် (Assessment System)

### ၁၀.၁ အကဲဖြတ်သည့်နည်းလမ်း

၁၀.၁.၁ စာတွေ့၊ လက်တွေ့၊ ရေးဖြေ၊ နှုတ်ဖြေ၊ ဉာဏ်စမ်း၊ Seminar၊ Presentation၊ အစီရင်ခံစာ၊ တာဝန်ပေးချက်နှင့် အခြားပုံစံများဖြင့် အကဲဖြတ် စစ်ဆေးမှုကိုပြုလုပ်မည်။

၁၀.၁.၂ အောက်ပါအခြေအနေများတွင် ကျောင်းသားများကို စာမေးပွဲဖြေဆိုခြင်းမှ တားမြစ်ခံရမည်ဖြစ်သည်-

(က) ကျောင်းခေါ်ချိန် ပြည့်မီမှု မရှိခြင်း၊

(ခ) သတ်မှတ်ထားသည့် စစ်ဆေးမှုများ ခံယူခြင်း/ ဖြေဆိုမှု မရှိခြင်း၊

၁၀.၁.၃ သင်တန်းအကဲဖြတ်ခြင်းကို စဉ်ဆက်မပြတ် အကဲဖြတ်မှုနှင့် နောက်ဆုံး အကဲဖြတ်ခြင်းဟူ၍ ပိုင်းခြားထားသည်။ အကဲဖြတ်မှုရာခိုင်နှုန်းအချိုး (Continual Assessment% နှင့် Final Exam Assessment %) ကို သင်ရိုးညွှန်းတမ်း သတ်မှတ်ချက်များအရ ဆောင်ရွက်မည်။

## ၁၀.၂ ရမှတ်အဆင့်ခွဲခြားသတ်မှတ်ခြင်း

၁၀.၂.၁ ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများ၏ ရမှတ်အဆင့်အတန်းကို အမျိုးအစားခွဲခြားသတ်မှတ်ခြင်းဖြစ်သည်။ သင်တန်းတစ်ခုပြီးမြောက် အောင်မြင်မှု ရှိ/မရှိ အကဲဖြတ်ခြင်းကို အောက်ပါသင်္ကေတများဖြင့် သတ်မှတ်သည်–

(က) **အောင်မြင်/ကျရှုံး (Pass/ Fail, P/F)**

ရလဒ်ကို အဆင့်သတ်မှတ်ခြင်းမပြုလုပ်မီ အောင်မြင် **"P"** (Pass) သို့မဟုတ် ကျရှုံး **"F"** (Fail) သတ်မှတ်သည်။ ကုစားဘာသာရပ်များ၏ ခရက်ဒစ်ကို ဘွဲ့ရရှိရေးအတွက် ထည့်သွင်းစဉ်းစားသည်။

(ခ) **မပြည့်စုံ (Incomplete, I)**

သင်တန်းလိုအပ်ချက် (PACT; Practical, Assignment, Class Work, Tutorial) များကို မဆောင်ရွက်နိုင်ပါက မပြည့်စုံ **"I"** သင်္ကေတ သတ်မှတ်သည်။ ကျောင်းသားများသည် စာသင်နှစ်ဝက် ပြီးဆုံးပြီး တစ်လအတွင်း စာတွေ့လက်တွေ့ စစ်ဆေးမှုများ ပြီးမြောက်ရမည်။ လုပ်ငန်းခွင်လက်တွေ့ကွင်းဆင်းခြင်းအတွက် အဆင့်ရမှတ်များအား လက်တွေ့ကွင်းဆင်းသည့်ကာလ (၈) ပတ်ပြီးမြောက်မှသာ တွက်ချက်သည်။

(ဂ) **အပိုလေ့လာသင်ယူလိုသောသင်တန်း (Au) Audit Course**

အပိုလေ့လာသင်ယူလိုသောသင်တန်း (Au) ကို မှတ်ပုံတင်စာရင်းသွင်းပြီး ကျောင်းခေါ်ချိန် ၇၅% နှင့်အထက် တက်ရောက်သော ကျောင်းသားအား **"Au"** သင်္ကေတ ပေးအပ်သည်။ အဆိုပါ သင်တန်းသို့ မှတ်ပုံတင်ခြင်း (သို့မဟုတ်) ဘာသာရပ် ပြောင်းလဲမှတ်ပုံတင်ခြင်းကို စာသင်ကာလ (၅) ပတ် မတိုင်မီ (သို့မဟုတ်) အတွင်း ပြုလုပ်ရမည်။

(ဃ) **ကျန်းမာရေးပြဿနာ (Health Problem, H)**

တက္ကသိုလ်မှ အသိအမှတ်ပြုထားသော ဆေးရုံ / ဆေးခန်းမှ ဆေးမှတ်တမ်း (Medical Report) ကို အခြေခံ၍ ကျန်းမာရေးကိစ္စရပ်များကြောင့် ခေတ္တရပ်နားလိုသည့် ကျောင်းသားကို **"H"** သင်္ကေတ သတ်မှတ်သည်။

(င) **ရုပ်သိမ်းခြင်း (Withdraw, W)**

သင်တန်းမှနုတ်ထွက်ရန်၊ ပညာသင်ကြားခြင်းကို ရပ်တန့်ရန်အတွက် အဆိုပြုလျှောက်ထားသော ကျောင်းသားများအား **"W"** သင်္ကေတ သတ်မှတ်သည်။

(စ) **သင်တန်းပြန်တက်ရခြင်း (Repeat Course, Rn)**

ကျရှုံးသောဘာသာရပ်အား ပြန်လည်တက်ရောက်ရမည်ဆိုပါက **“R”** သင်္ကေတ သတ်မှတ်သည်။ ပြန်လည်တက်ရောက်ရသော ဘာသာရပ် အတွက် နောက်ဆုံးရရှိသော အမှတ်နှင့်ခရက်ဒစ်ကို GPA နှင့် CGPA တွက်ချက်မှုတွင် ထည့်သွင်းစဉ်းစားမည်။ **n** သင်္ကေတသည် သင်တန်း ပြန်လည် တက်ရောက်ရသည့် အကြိမ်အရေအတွက်ကို ဆိုလိုသည်။

၁၀.၂.၂သင်တန်းတစ်ခုအတွက် Grade နှင့် Grade Point သည် အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

<table>
<tr><th>အနည်းဆုံးနှင့် အများဆုံး သတ်မှတ်ရမှတ် (Score Range)</th><th>အဆင့် (Grade)</th><th>အဆင့်အရ ရရှိသောအမှတ် (Grade Point)</th><th>ရရှိသောအမှတ်အရ သတ်မှတ်သော အဆင့်အတန်း (Status)</th></tr>
<tr><td>90 – 100</td><td>A+</td><td>4.00</td><td>Excellent (အဆင့်မြင့်အောင်)</td></tr>
<tr><td>80 – 89</td><td>A</td><td>4.00</td><td rowspan="2">Very Good (အထူးအောင်)</td></tr>
<tr><td>75 – 79</td><td>A–</td><td>3.67</td></tr>
<tr><td>70 – 74</td><td>B+</td><td>3.33</td><td rowspan="3">Good (သာမန်အထက်အောင်)</td></tr>
<tr><td>65 – 69</td><td>B</td><td>3.00</td></tr>
<tr><td>60 – 64</td><td>B–</td><td>2.67</td></tr>
<tr><td>55 – 59</td><td>C+</td><td>2.33</td><td rowspan="2">Satisfactory (သာမန်အောင်)</td></tr>
<tr><td>50 – 54</td><td>C</td><td>2.00</td></tr>
<tr><td rowspan="2">40 – 49</td><td rowspan="2">D</td><td rowspan="2">1.00</td><td>Marginal Pass<br>(General Engineering ဘာသာရပ်၊ ရူပဗေဒနှင့် မြန်မာစာဘာသာရပ်များအတွက် ကန့်သတ်ချက်နှင့်အောင်မြင်)</td></tr>
<tr><td>Fail / Poor (ကျရှုံး/ညံ့)<br>ပြန်လည်တက်ရောက်သင်ယူရန်လိုသည်။<br>(Discipline Core/Core Engineering (DC) ဘာသာရပ်များ မအောင်မြင်ပါ)</td></tr>
<tr><td>0 – 39</td><td>F</td><td>0.00</td><td>Fail/ Poor (ကျရှုံး/ညံ့)<br>ပြန်လည်တက်ရောက်သင်ယူရန်လိုသည်။</td></tr>
</table>

## ၁၀.၃ အကဲဖြတ်ခြင်းရလဒ်

၁၀.၃.၁စာသင်နှစ်ဝက်တစ်ခုတွင် ကျောင်းသား၊ ကျောင်းသူ၏ အောင်မြင်မှုကို ပျမ်းမျှရမှတ်အဆင့် (Grade Point Average – GPA) ဖြင့် ညွှန်ပြသည်။ တက်ရောက်ခဲ့သော စာသင်နှစ်ဝက်များ အားလုံးအတွက် ကျောင်းသား၊ ကျောင်းသူ၏ အောင်မြင်မှုကို စုစုပေါင်းပျမ်းမျှရမှတ်အဆင့် (Cumulative Grade Point Average – CGPA) ဖြင့် ညွှန်ပြသည်။ GPA နှင့် CGPA တွက်ချက်နည်းများမှာ အောက်ပါအတိုင်းဖြစ်သည်–

**Earned Points တွက်နည်း**

ရရှိနိုင်သောအမှတ်များ (Earned Points) = စာသင်နှစ်ဝက်တစ်ခုအတွက် (ရရှိသည့်ခရက်ဒစ်(Credit)များ x ရရှိသည့်အဆင့် Grade Point များ)

**စာသင်နှစ်ဝက်အတွက် ပျမ်းမျှရမှတ်အဆင့် (GPA) တွက်နည်း**

$$\mathrm{GPA_X} = \frac{\text{Total earned points in semester X}}{\text{Total credit points of eligible courses in semester X}}$$

**စာသင်နှစ်ဝက်များအတွက် စုစုပေါင်းပျမ်းမျှရမှတ်အဆင့် (CGPA) တွက်နည်း**

$$CGPA = \frac{Total\ earned\ points\ in\ semesters\ under\ consideration}{Total\ credit\ points\ of\ eligible\ courses\ in\ semesters\ under\ consideration}$$

GPA နှင့် CGPA တွက်ချက်မှုများကို နောက်ဆက်တွဲ (၂) တွင် ဖော်ပြထားသည်။

၁၀.၃.၂Grade မသတ်မှတ်သော ဘာသာရပ်မှလွဲ၍ ဘာသာရပ်အားလုံးကို GPA၊ CGPA တွက်ချက်မှုတွင် ထည့်သွင်းစဉ်းစားသည်။ Incomplete အဖြစ် သတ်မှတ်ခံရသောဘာသာရပ်အား သတ်မှတ်ထားသော အချိန်အတွင်း အဆင့်မီသည့် အကဲဖြတ်ရလဒ်ရရှိသည်အထိ ဆောင်ရွက်ရမည်။

၁၀.၃.၃Incomplete သို့မဟုတ် Retake ပြန်ယူရမည့် ကျောင်းသားများသည် ပြန်လည်တက်ရောက်ရန် သတ်မှတ်ထားသော အခကြေးငွေကို ပေးချေ၍ သင်တန်းဌာနမှူးထံ လျှောက်လွှာတင်ရမည်။

၁၀.၃.၄အောက်ဖော်ပြပါ ကျောင်းသားများမှလွဲ၍ ဌာနမှူး၏ ထောက်ခံချက်၊ ပညာရေးအဖွဲ့၏ ခွင့်ပြုချက်တို့ဖြင့် အထူးပြန်လည်စစ်ဆေးသော စာမေးပွဲ

(Special Re–Exam) ဖြေဆိုခွင့်ပြုရန် လျှောက်ထားလာပါက ဖြေဆိုခွင့်ပြုမည်–

(က) စာမေးပွဲဖြေဆိုရန် တားမြစ်ခံထားရသောကျောင်းသား၊

(ခ) စာမေးပွဲဖြေဆိုရန်/ ဖြေဆိုစဉ် ပျက်ကွက်ခြင်း၊

(ဂ) စာမေးပွဲအတွင်း ပညာရေးဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်း။

၁၀.၃.၅ အထူးပြန်လည်စစ်ဆေးသောစာမေးပွဲသည် စာသင်နှစ်ဝက်၏ စာမေးပွဲနှင့် တူညီသည်။ စုစုပေါင်းရမှတ်တွင် ပြန်လည်ဖြေဆိုသော စာမေးပွဲရမှတ်နှင့် စဉ်ဆက်မပြတ် အကဲဖြတ်ရမှတ်များအား ထည့်သွင်းတွက်ချက်သည်။

**၁၀.၄ အကဲဖြတ်ရလဒ်များကို ပြန်လည်စစ်ဆေးရန် (Re–check) အတွက် အယူခံဝင်ခြင်း**

၁၀.၄.၁ သင်တန်းတစ်ခု၏အကဲဖြတ်မှုရလဒ်များကို ပြန်လည်စစ်ဆေးရန်အတွက် အယူခံလျှောက်လွှာနှင့်အတူ သတ်မှတ်ထားသော ငွေပေးချေမှုပြေစာ ပူးတွဲ၍ ဌာနမှူးထံ တင်ပြရမည်။

၁၀.၄.၂ ပြန်လည်စစ်ဆေးမည့် အကဲဖြတ်ရလဒ်များကို ဘာသာရပ်သင်ကြားသူ၊ စာမေးပွဲစစ်ဆေးရေးအဖွဲ့၊ တက္ကသိုလ်ပညာရေးအဖွဲ့တို့၏ အတည်ပြုချက် ရယူရမည်။ အတည်ပြုပြီးပါက ထပ်မံ၍ အယူခံဝင်ခွင့်ပြုမည်မဟုတ်ပါ။

**၁၀.၅ စာသင်နှစ်ဝက် အကဲဖြတ်ခြင်းရလဒ်များ ကြေညာခြင်း**

၁၀.၅.၁ စာသင်နှစ်ဝက်တစ်ခုစီအတွက် ကျောင်းသား၏ အောင်မြင်မှုရလဒ်များကို သတ်မှတ်ထားသည့်ကာလအတွင်း ထုတ်ပြန်ကြေညာမည်။

၁၀.၅.၂ အကဲဖြတ်ရလဒ်များကို အွန်လိုင်းတွင် ကြည့်ရှုနိုင်ပြီး ကြွေးမြီကင်းရှင်းပါက အွန်လိုင်းမှ ရယူနိုင်သည်။

၁၀.၅.၃ ကျောင်းသားမှတ်တမ်း (Student Data Record) တွင် အချက်အလက်များ အပြောင်းအလဲရှိခဲ့ပါက တက္ကသိုလ်သို့ အချိန်နှင့်တစ်ပြေးညီ အသိပေးရမည်။

## ၁၁။ ကျောင်းသား၏ ပညာရေးဆိုင်ရာ အဆင့်အတန်း (Student Academic Status)

၁၁.၁ စာသင်နှစ်ဝက်အကဲဖြတ်မှုရလဒ်သည် ကျောင်းသားတစ်ဦး၏ ပညာဆက်လက်သင်ကြားရန် အရည်အချင်းပြည့်မီမှုကို ဆုံးဖြတ်သည်။ ကျောင်းသားတစ်ဦးအား အောင်မြင်ခြင်း (Pass)၊ ပြန်ယူရမည့်ဘာသာရပ်ဖြင့်အောင်မြင်ခြင်း (Pass by Course Repeat)၊ ခြွင်းချက်ဖြင့်အောင်မြင်ခြင်း (Marginal Pass)၊ သင်တန်းပြန်တက်မှုပါဝင်သော ခြွင်းချက်ဖြင့်အောင်မြင်ခြင်း (Marginal Pass by Course

Repeat)၊ ကျရှုံးခြင်း (Fail)နှင့် ထုတ်ပယ်ခြင်း (Dismiss) စသည့် အခြေအနေတို့ကို သတ်မှတ်နိုင်သည်။

၁၁.၁.၁ **အောင်မြင်ခြင်း (Pass)**

(၁) ဘာသာရပ်တစ်ခုအတွက် ရမှတ် (၅၀) နှင့်အထက်ရရှိလျှင် Pass အဖြစ် သတ်မှတ်သည်။

(၂) General Engineering (GE) ဘာသာရပ်များ၊ ကွန်ပျူတာအထူးပြုများအတွက် ရူပဗေဒနှင့် မြန်မာစာဘာသာရပ်များတွင် ရမှတ် (၄၀-၄၉) ကြား၊ Grade D၊ Grade Point (၁.၀၀)၊ GPA (၂.၀၀) နှင့်အထက်ရရှိပါက Marginal Pass အဖြစ်သတ်မှတ်သည်။ Re-exam ပြန်ဖြေရန်မလိုပါ။ ကျောင်းသား၏ ဆန္ဒအရ Re-exam ပြန်ဖြေလိုပါက ဖြေဆိုနိုင်သည်။

(၃) Discipline Core (DC) ဘာသာရပ်များအတွက် ရမှတ် (၄၀-၄၉) ကြား၊ Grade D၊ Grade Point (၁.၀၀)၊ GPA (၂.၀၀) နှင့် အထက်ရရှိသော်လည်း ကျရှုံးသတ်မှတ်သည်။ Re-exam ဖြေဆိုရန် လိုအပ်သည်။

(၄) ဘာသာရပ်တစ်ခုအတွက် ရမှတ် (၀-၃၉) ကြား၊ Grade F ၊ Grade Point (၀.၀၀) အား Fail အဖြစ် သတ်မှတ်သည်။ Re-exam ဖြေဆိုရန် လိုအပ်သည်။

၁၁.၁.၂ **ပြန်ယူရမည့်ဘာသာရပ်ဖြင့်အောင်မြင်ခြင်း** (**Pass by Course Repeat)**

Re-Exam အောင်စာရင်းထွက်ပြီးနောက် GPA (၂.၀၀) နှင့်အထက်ရရှိပြီး အချို့ဘာသာရပ်များ အောင်မြင်သော်လည်း ရမှတ် (၀-၃၉) ကြား၊ Grade F ၊ Grade Point (၀.၀၀) ရရှိသည့် ဘာသာရပ်များရှိခဲ့ပါက ၎င်းကို ပြန်ယူရမည့် ဘာသာရပ်ဖြင့် အောင်မြင်ခြင်း (Pass by Course Repeat) ဟု သတ်မှတ်ပါသည်။

၁၁.၁.၃ **ပြန်လည်စစ်ဆေးသည့်စာမေးပွဲ (Re-exam)**

(၁) စာသင်နှစ်ဝက်၏ စာမေးပွဲတွင် ကျရှုံးသည့် ဘာသာရပ်အား Re-exam ပြန်လည်စစ်ဆေးမည်။

(၂) စာသင်နှစ်ဝက်၏ စာမေးပွဲတွင် ဖြေဆိုရန် ပျက်ကွက်သည့် ဘာသာရပ်အား Grade I သတ်မှတ်ပြီး Re-exam ပြန်လည်စစ်ဆေးမည်။

(၃) Re-exam စာမေးပွဲတွင် ဖြေဆိုအောင်မြင်ပါက ရမှတ် (၅၀) နှင့် အထက် ရရှိသော်လည်း ရမှတ်(၅၀)၊ Grade C အဖြစ် သတ်မှတ်မည်။

၁၁.၁.၄ **သတိပေးချက်-၁ (Warning-1) နှင့် သတိပေးချက်-၂ (Warning-2)**

၁၁.၁.၄.၁ **သတိပေးချက်-၁**

အောက်ပါအခြေအနေများ ရရှိခဲ့ပါက ကျောင်းသားကို သတိပေးချက် အဆင့်-၁ အဖြစ် သတ်မှတ်သတိပေးသည်-

(က) ပထမဆုံးအကြိမ် GPA (၂.၀၀) ထက်နည်းခြင်း၊

(ခ) ဆက်တိုက်မဟုတ်သော စာသင်နှစ်ဝက်တွင် GPA (၂.၀၀) ထက် နည်းခြင်း၊

၁၁.၁.၄.၂ **သတိပေးချက်-၂**

GPA (၂.၀၀) အောက် (၂) ကြိမ်ဆက်တိုက်ရရှိလျှင် သတိပေးချက် အဆင့်-၂ အဖြစ် သတ်မှတ်သတိပေးသည်။

၁၁.၁.၅ **ထုတ်ပယ်ခြင်း (Dismiss)**

အောက်ပါအခြေအနေ (၄) ခုတွင် ကျောင်းသားကို ထုတ်ပယ်ရန် သတ်မှတ်သည်-

(က) GPA (၂.၀၀) အောက် (၃) ကြိမ်ဆက်တိုက်ရရှိခြင်း၊

(ခ) တရားဝင်ခွင့်ပြုချက်မရှိဘဲ အများဆုံးခွင့်ပြုထားသည့် ပညာသင် ကာလ ကျော်လွန်ခြင်း၊

(ဂ) စာသင်နှစ်ဝက် (၆) ကြိမ်ထက် ကျော်လွန်၍ လေ့လာမှုရွှေ့ဆိုင်း (ရပ်နား) ခြင်း၊

(ဃ) စာသင်နှစ်ဝက် (၂) ကြိမ် ဆက်တိုက် လေ့လာမှုရွှေ့ဆိုင်း (ရပ်နား) ပြီး စာသင်နှစ်ဝက် (၄) ကြိမ်ထက် ကျော်လွန်၍ လေ့လာမှုရပ်ဆိုင်း (ကင်းကွာ) ခြင်း၊

၁၁.၂ **ကျရှုံးဘာသာရပ်အား ပြန်လည်တက်ရောက် ဖြေဆိုခြင်း(Retake)**

၁၁.၂.၁ Re-exam ကျရှုံးခြင်း၊ ပျက်ကွက်ခြင်းများ ဖြစ်ပါက အဆိုပါဘာသာရပ်အား ပြန်လည်တက်ရောက် (Retake) ဖြေဆိုရမည်ဖြစ်သည်။ စာသင်နှစ်ဝက် တစ်ခုလုံးအတွက် Formative Assessment နှင့် Summative Assessment များကို ပြန်လည်ဖြေဆိုရမည်။

၁၁.၂.၂ သက်ဆိုင်ရာ ဘာသာရပ်အလိုက် သတ်မှတ်ကျောင်းခေါ်ချိန် မပြည့်မီလျှင် Grade U သတ်မှတ်ပြီး Retake အဖြစ် တက်ရောက်ရမည်။ Grade U ဖြင့် Retake ဖြစ်သော ဘာသာရပ်အတွက် စာသင်နှစ်ဝက် တစ်ခုလုံး ကျောင်းခေါ်ချိန် ပြည့်မီစွာ တက်ရောက်၍ Formative Assessment နှင့် Summative Assessment များကို ပြန်လည်ဖြေဆိုရမည်။

၁၁.၂.၃ မဖြစ်မနေသင်ကြားရသောအဓိကဘာသာရပ်များတွင် ကျရှုံးသော ကျောင်းသားများသည် တရားဝင်ခွင့်ပြုထားသော အများဆုံး ပညာသင်ကာလအတွင်း သင်တန်းပြန်လည် တက်ရောက်ရမည်။

၁၁.၂.၄ ရွေးချယ်သင်ယူခဲ့သောဘာသာရပ်များ ကျရှုံးလျှင် ပြန်လည်သင်ယူနိုင်သည် (သို့မဟုတ်) အခြားရွေးချယ်သင်ယူလိုသော သင်တန်းတစ်ခုခုနှင့် အစားထိုးတက်ရောက်နိုင်သည်။ CGPA တွက်ချက်မှုတွင် ကျရှုံးသော သင်တန်း၏ ခရက်ဒစ်ကို ထည့်သွင်းစဉ်းစားမည်။

၁၁.၂.၅ ဘွဲ့ရရှိရန် သတ်မှတ်ထားသော ခရက်ဒစ်ပမာဏ လိုအပ်ချက်များနှင့် ကိုက်ညီပါက ကျောင်းသားသည် စိတ်ကြိုက်ရွေးချယ်တက်ရောက်သော ဘာသာရပ်များ (Additional Elective Courses) ကျရှုံးလျှင် ပြန်လည်တက်ရောက်ရန် (Retake/ Repeat) မလိုသော်လည်း GPA နှင့် CGPA တွက်ချက်မှုတွင် အဆိုပါကျရှုံးဘာသာရပ်၏ ခရက်ဒစ်နှင့် Grade အဆင့်ကို ထည့်သွင်းတွက်ချက်မည်။

၁၁.၂.၆ ပြန်လည်တက်ရောက်ရသည့်ဘာသာရပ် (Repeat) တစ်ခုစီအတွက် GPA နှင့် CGPA တွက်ချက်မှုတွင် နောက်ဆုံးရရှိသော Grade Points အဆင့်ကို ထည့်သွင်းစဉ်းစားသည်။ အခြား Grade အဆင့်များကို မှတ်တမ်းအဖြစ် ထားရှိမည်။

## ၁၂။ ပညာရေးဆိုင်ရာ ကျင့်ဝတ်များ (Academic Ethics)

၁၂.၁ ကျောင်းသားစည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသော ကျောင်းသားအား တက္ကသိုလ်၏ ကျောင်းသား၊ ကျောင်းသူများ လိုက်နာရန် ချမှတ်ထားသောစည်းကမ်းများအရ အရေးယူမည် ဖြစ်သည်။

၁၂.၂ စည်းကမ်းပိုင်းဆိုင်ရာပြစ်မှုတစ်ခုခုကြောင့် ပြစ်ဒဏ်ချမှတ်ခံရသော ကျောင်းသားသည် ပြစ်ဒဏ်ကျခံရသည့် စာသင်နှစ်ဝက်အတွက် သင်တန်းတက်ရောက်ခွင့် မရှိပါ။

## ၁၃။ လေ့လာမှုရွှေ့ဆိုင်းခြင်း (Deferment of Study)

၁၃.၁ မှတ်ပုံတင်ထားသောကျောင်းသားသည် စာသင်နှစ်ဝက်တစ်ခု၏ ဒုတိယပတ် မကုန်မီ တက္ကသိုလ်ပညာရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရပ်နားလျှောက်ထားနိုင်ပြီး စာသင်နှစ်ဝက် (၂) ကြိမ်ဆက်တိုက်ထိ ရပ်နားခွင့်ပြုသည်။ ရပ်နားကင်းကွာခွင့် အား ပညာသင်ယူသည့် ကာလတစ်လျှောက်လုံးအတွက် စုစုပေါင်း စာသင်နှစ်ဝက် (၆) ကြိမ်သာ ခွင့်ပြုပြီး ကျော်လွန်ပါက သင်တန်းမှ ထုတ်ပယ်မည်။

၁၃.၂ စာသင်နှစ်ဝက်တစ်ခု၏ မှတ်ပုံတင်ပြီး ဒုတိယပတ်ကျော်လွန်မှ ရပ်နားတင်သည့် လျှောက်လွှာကို ကျန်းမာရေးချို့ယွင်းမှုကိစ္စမှလွဲ၍ ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၁၃.၂.၁ စာသင်နှစ်ဝက်တစ်ခုအတွက် ဆေးခွင့်ကို စာသင်ရက် (၁၁) ရက်ထိ ခွင့်ပြုနိုင်သည်။ Accidental Case/ Emergency Case ကြောင့် ဆေးရုံ တက်ရလျှင် ဆေးရုံတက်ပြီး (၂) ပတ်အတွင်း တင်ပြရမည်။

၁၃.၂.၂ စာသင်ရက် (၁၁) ရက်ထက် ကျော်လွန်၍ ကျန်းမာရေးချို့ယွင်းပါက ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အစိုးရဆေးရုံမှ ဆရာဝန်၏ ထောက်ခံ ချက်ရယူပြီး ပညာရေးအဖွဲ့၏ခွင့်ပြုချက်ဖြင့် စာသင်နှစ်ဝက်တစ်ခုအတွက် ရပ်နားလျှောက်ထားနိုင်သည်။ စိတ်ကျန်းမာရေး အခြေအနေအရ သင်တန်း ရပ်နားထားပြီး ကျောင်းပြန်လည်တက်ရောက်မည်ဆိုပါက သက်ဆိုင်ရာ ဆရာဝန်၏ ထောက်ခံချက် လိုအပ်သည်။

၁၃.၂.၃ ကျောင်းသားအား ကျန်းမာရေး ထောက်ခံချက်ပေးနိုင်သူများသည် ကျန်းမာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သမားတော် များနှင့် ဆရာဝန်များ၊ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ ဖြစ်ရမည်။

၁၃.၃ ကျောင်းခေါ်ချိန်သတ်မှတ် Credit မပြည့်မီသော ကျောင်းသားအား ပညာသင် ကာလ (၁၃) ပတ် မကုန်မီ ၎င်းတို့၏ သဘောဆန္ဒအရ ရပ်နားခွင့်ပြုမည်ဖြစ်ပြီး အဆိုပါရပ်နားကာလကို ကျောင်းသား၏ သင်ကြားမှု အများဆုံးကာလတွင် ထည့်သွင်းတွက်ချက်မည်။

၁၃.၄ ရပ်နားထားသောကျောင်းသားသည် အဆိုပါကာလအတွင်း တက္ကသိုလ်ကျောင်း သား အခွင့်အရေးများကို ဆုံးရှုံးမည်ဖြစ်သည်။

၁၃.၅ ကျောင်းလခ ပေးဆောင်ခြင်းမရှိသူ၊ ကျောင်းအပ်နှံခြင်းမရှိသူ၊ စာသင်နှစ်ဝက် ဒုတိယပတ်အတွင်း ရပ်နားလျှောက်ထားသူများအား သင်တန်းကြေး ကောက်ခံ မည်မဟုတ်ပါ။ ကျောင်းပြန်လည်တက်ရောက်ပါက ရပ်နား၊ ကင်းကွာခဲ့သည့်

ကာလတစ်လျှောက်လုံးအတွက် သင်တန်းကြေးများအားလုံး ပေးသွင်းရမည် ဖြစ်သည်။

## ၁၄။ သင်တန်းမှဆိုင်းငံ့ခြင်း (Suspension of Study)

၁၄.၁ စာသင်နှစ်ဝက် ဒုတိယပတ်အတွင်း စာရင်းသွင်းပြီး သင်ကြားမည့်ဘာသာရပ်များ အတွက် စာရင်းသွင်းခြင်းမရှိသောကျောင်းသားများကို ဆိုင်းငံ့ထားမည်ဖြစ်ပြီး ကပ်လျက်စာသင်နှစ်ဝက်တွင် ပြန်လည် မှတ်ပုံတင်ရမည်။

၁၄.၂ ကျန်းမာရေးဆိုင်ရာကိစ္စမှလွဲ၍ ဆိုင်းငံ့ခံရသည့် ကျောင်းသားသည် ရပ်နား/ ရွှေ့ဆိုင်း (Deferral) လျှောက်လွှာတင်ခွင့်မရှိပါ။

၁၄.၃ သင်ကြားရေးကာလအတွင်း စာသင်နှစ်ဝက် (၄) ခုထက်ပို၍ ဆိုင်းငံ့ခံရသော ကျောင်းသားကို သင်တန်းမှ ထုတ်ပယ်မည်။

၁၄.၄ ကျောင်းသား၏ သင်ကြားမှုအများဆုံး ခွင့်ပြုကာလတွင် ဆိုင်းငံ့ကာလကို ထည့်သွင်းတွက်ချက်မည်။

၁၄.၅ ကျောင်းသားသည် စည်းကမ်းပိုင်းဆိုင်ရာပြစ်မှုများဖြင့် အပြစ်ရှိကြောင်း တွေ့ရှိပါက တက္ကသိုလ် ကျောင်းသားစည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သတ်မှတ် ကာလတစ်ခုအထိ ပညာသင်ကြားခွင့်ကို ရပ်ဆိုင်းနိုင်သည်။

## ၁၅။ ကျောင်းမှထုတ်ပယ်ခြင်း (Dismissal from Study)

၁၅.၁ အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီပါက ကျောင်းမှ ထုတ်ပယ်မည်–

(က) သင်ကြားခွင့်ရပ်ဆိုင်းခံရပြီး ကပ်လျက်စာသင်နှစ်ဝက်၏ ဒုတိယပတ် အတွင်း ရပ်နားလျှောက်ထားခြင်း မရှိသော ကျောင်းသား၊

(ခ) စာသင်နှစ်ဝက် (၆) ခုထက် ကျော်လွန်ရပ်နားသော ကျောင်းသား၊

(ဂ) စာသင်နှစ်ဝက် (၄) ခု ထက်ပို၍ ဆိုင်းငံ့ခံရသော ကျောင်းသား၊

(ဃ) သင်ကြားမှုအများဆုံးကာလကို ကျော်လွန်သော ကျောင်းသား၊

(င) တက္ကသိုလ်ကျောင်းသားစည်းကမ်းထိန်းသိမ်းရေးကော်မတီက ပြစ်မှုကြောင့် ထုတ်ပယ်ရန် အတည်ပြုထားသော ကျောင်းသား၊

## ၁၆။ တက္ကသိုလ် ပြောင်းရွှေ့ခြင်း (Change of University)

၁၆.၁ တက္ကသိုလ်၏ အင်ဂျင်နီယာ၊ ဗိသုကာနှင့် ကွန်ပျူတာဘာသာရပ်ဌာနတစ်ခုခုတွင် မှတ်ပုံတင်အတည်ပြုထားသော ကျောင်းသားသည် အောက်ဖော်ပြပါ သတ်မှတ် ချက်နှင့်ကိုက်ညီလျှင် ပြောင်းရွှေ့ခွင့်ပြုမည်–

(က) သင်ရိုးညွှန်းတမ်းတူညီသော အခြားတက္ကသိုလ်များသို့ သတ်မှတ်ချက်နှင့် ကိုက်ညီပြီး သက်ဆိုင်ရာတက္ကသိုလ်က လက်ခံမည်ဆိုပါက ပြောင်းရွှေ့နိုင်သည်။

(ခ) Credit Transfer ဖြင့် ပြောင်းရွှေ့ခွင့်ပြုသည်။

(ဂ) ဘာသာရပ်ပြောင်းရွှေ့ခွင့်မရှိပါ။

(ဃ) မှတ်ပုံတင်ထားခြင်းမှ နှုတ်ထွက်ရန် မဟာဌာနမှူး/ ဌာနမှူးထံ စာဖြင့် တောင်းဆို လျှောက်ထားရမည်။

(င) ပေးသွင်းရန် ကြွေးမြီရှင်းလင်းလျှင် သင်တန်းရေးရာဌာန၏ ခွင့်ပြုချက်ဖြင့် ပြောင်းရွှေ့နိုင်သည်။

၁၆.၂ ပြည်ပနိုင်ငံများ၏ တက္ကသိုလ်များနှင့် အောက်ဖော်ပြပါ ပညာရေးဖလှယ်မှုများ၊ ပညာရေးပူးပေါင်း ဆောင်ရွက်မှုများကို ပြုလုပ်ရာတွင် လိုအပ်သော Bench Marking များပြုလုပ်၍ Credit Transfer System ဖြင့်ဆောင်ရွက်နိုင်သည်–

(က) ပညာရေးဖလှယ်ခြင်း (Academic Exchange Program)

(ခ) ပညာသင်နှစ်ဝက်ဖလှယ်ခြင်း (Semester Exchange Program)

(ဂ) လုပ်ငန်းခွင်လက်တွေ့လေ့လာရေးဖလှယ်ခြင်း (Internship Exchange Program)

(ဃ) ပူးတွဲဘွဲ့ဒီဂရီပေးအပ်ခြင်း (Joint Degree Program)

(င) ပူးတွဲသုတေသနများပြုလုပ်ခြင်း (Joint Research Program)

(စ) ပူးတွဲညီလာခံများပြုလုပ်ခြင်း (Joint Conference Program)

(ဆ) အနာဂါတ်တွင် တိုင်းပြည်အတွက်၊ တက္ကသိုလ်အတွက် လိုအပ်လာပါက ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ (Further Programs developed upon in need for the Nation and the University in future)

## ၁၇။ သင်တန်းမှ နှုတ်ထွက်ခြင်း (Withdrawal from Study)

၁၇.၁ ကျောင်းသားတစ်ဦးသည် နှုတ်ထွက်ခွင့်အား မဟာဌာနမှူး/ဌာနမှူးထံ စာဖြင့် လျှောက်ထားရမည်။ တက္ကသိုလ်ပညာရေးကော်မတီတွင် အတည်ပြုပြီးပါက သင်တန်းရေးရာဌာနမှ နှုတ်ထွက်ခွင့်ပြုစာကို ထုတ်ပေးမည်။

၁၇.၂ နှုတ်ထွက်ခွင့်လျှောက်ထားသည့် ကျောင်းသားအား ကြွေးကျန်အားလုံးကို ရှင်းလင်းရန် တက္ကသိုလ်မှ အကြောင်းကြားမည်ဖြစ်ပြီး ကြွေးကျန်များ အားလုံးကို ပေးသွင်းပြီးမှသာ နှုတ်ထွက်ခွင့်ကို ထုတ်ပေးမည်။

၁၇.၃ ကျောင်းသားသည် တက္ကသိုလ်မှ နှုတ်ထွက်ရန် အတည်ပြုပြီးဖြစ်သော လျှောက်လွှာများကို ပယ်ဖျက်ခြင်း/ ရုပ်သိမ်းခြင်းတို့ကို ခွင့်ပြုမည်မဟုတ်ပါ။

## ၁၈။ ဘွဲ့ဒီဂရီပေးအပ်ခြင်း (Conferment of Degree)

၁၈.၁ ကျောင်းသားတစ်ဦးအား ဘွဲ့ဒီဂရီချီးမြှင့်ရန် အောက်ပါအခြေအနေများနှင့် ကိုက်ညီရမည်ဖြစ်သည်–

(က) သတ်မှတ်ကာလအတွင်း လိုအပ်သောဘာသာရပ်စာမေးပွဲများ အားလုံးအောင်မြင်ပြီးမြောက်ခြင်း၊

(ခ) CGPA အနည်းဆုံး ၂.၀ ရရှိပြီးဖြစ်ခြင်း၊

(ဂ) တက္ကသိုလ်ပညာရေးအဖွဲ့မှ သတ်မှတ်ထားသော ခရက်ဒစ်အရေအတွက်ကို ပြီးမြောက်ခြင်း၊

(ဃ) ဘွဲ့ကြိုဘွဲ့အတွက် သတ်မှတ်ထားသော ပညာရေးဆိုင်ရာစည်းမျဉ်းများ အားလုံးနှင့် ကိုက်ညီခြင်း၊

(င) မဟာဌာန/ဌာန၊ စာမေးပွဲကော်မတီမှ ဘွဲ့ချီးမြှင့်ရန်ထောက်ခံပြီး တက္ကသိုလ်ပညာရေးအဖွဲ့မှ ထောက်ခံအတည်ပြုခြင်း၊

(စ) တက္ကသိုလ်ပညာရေးအဖွဲ့၏ အခြားလိုအပ်ချက်အားလုံးကို ကိုက်ညီခြင်း၊

(ဆ) ဘွဲ့အပ်နှင်းချီးမြှင့်ခြင်းအတွက် လိုအပ်သောအချက်အလက်အားလုံးကို တက္ကသိုလ်ပညာရေးအဖွဲ့မှ စဉ်းစားဆုံးဖြတ်အတည်ပြုပြီးခြင်း၊

၁၈.၂ ဘွဲ့ဒီဂရီ အမျိုးအစား ခွဲခြားမှုမှာ အောက်ပါအတိုင်းဖြစ်သည်–

၂၀၂၄–၂၀၂၅ ပညာသင်နှစ်၏ ပထမစာသင်နှစ်ဝက်မှစတင် အသက်ဝင်ပါသည်။ အောက်ပါအရည်အချင်းသတ်မှတ်ချက်များ ပြည့်မီပါက ဘွဲ့လွန်သင်တန်း ဖွင့်လှစ်သည့် နည်းပညာတက္ကသိုလ်၊ Polytechnic University (နည်းပညာ) တို့တွင် မဟာဘွဲ့နှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းများ တက်ရောက်နိုင်မည်ဖြစ်သည်–

| CGPA | Level | Eligible Program |
|---|---|---|
| 3.7 & Above | First Class Upper | Qualify for Postgraduate Diploma Studies & Master Studies (မဟာဘွဲ့သင်တန်းနှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ တိုက်ရိုက်တက်ရောက်ရန် အဆင့်မီသည်။) |
| 3.0 – 3.6 | First Class Lower | |
| 2.7 – 2.9 | Second Class | ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ တိုက်ရိုက်တက်ရောက်ရန် အဆင့်မီသည်။ |
| 2.0 – 2.6 | Second Class Lower | ဘွဲ့လွန်ဒီပလိုမာသင်တန်းတက်ရောက်ရန် ဝင်ခွင့်စာမေးပွဲဖြေဆိုရမည်။ |

**မှတ်ချက်။** (၁) မဟာဘွဲ့/ ဘွဲ့လွန်ဒီပလိုမာသင်တန်း ဖွင့်လှစ်မည့်တက္ကသိုလ်မှ အောင်မြင်သည့် ကျောင်းသားများအား တက္ကသိုလ်မှ ဖွင့်လှစ်သင်ကြားပေးနိုင်သည့် အရေအတွက်အတွင်း လျှောက်ထားလာလျှင် ဝင်ခွင့်ဖြေဆိုရန်မလိုပါ။ လက်ခံနိုင်သည့် အရေအတွက် ကျော်လွန်ခဲ့လျှင် CGPA အရ လူတွေ့ စိစစ်ရွေးချယ်မည်။

(၂) အခြားနည်းပညာတက္ကသိုလ်မှ အောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဝင်ခွင့်စာမေးပွဲဖြေဆိုရမည်။

အောက်ပါအရည်အချင်းသတ်မှတ်ချက်များ ပြည့်မီပါက ဘွဲ့လွန်သင်တန်း ဖွင့်လှစ်သည့် ကွန်ပျူတာတက္ကသိုလ်၊ Polytechnic University (ကွန်ပျူတာ) တို့တွင် မဟာဘွဲ့နှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းများ တက်ရောက်နိုင်မည်ဖြစ်သည်-

| CGPA | Level | Eligible Program |
|---|---|---|
| 3.0 & Above | First Class | မဟာဘွဲ့သင်တန်း တက်ရောက်ရန်အတွက် အရည်အချင်း ပြည့်မီသည်။ |
| 2.0 & Above | Second Class | ဘွဲ့ရရှိရန်အတွက် အရည်အချင်းပြည့်မီသည်။ |

**မှတ်ချက်။** ကွန်ပျူတာတက္ကသိုလ်များမှ မဟာဘွဲ့သင်တန်း တက်ရောက်ရန် အဆင့်မီသူများသည် အဆိုပါဘွဲ့သင်တန်းသို့ တိုက်ရိုက်တက်ရောက်ခွင့်ရှိပြီး သတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ တက်ရောက်လိုပါက ဝင်ခွင့်ဖြေဆိုရမည် ဖြစ်သည်။

## ၁၉။ အကိုးအကားများ (References)


(၁) Academic Regulations for Undergraduate Studies, University Malaysia Sarawak, Malaysia

(၂) Student Handbook 2021–2022, Ghulam Ishaq Khan Institute of Engineering Sciences and Technology, Pakistan

(၃) Student Handbook Undergraduate, National University of Sciences and Technology (NUST), Pakistan

(၄) Undergraduate Student Handbook 2022–23, University of Engineering and Technology, Peshawar, Pakistan

(၅) Academic Regulations for Undergraduate Studies, 2024, Yangon Technological University, Yangon, Myanmar.

နောက်ဆက်တွဲ ၁

## နည်းပညာအထူးပြု ဘွဲ့ကြိုသင်တန်းအတွက် ခရက်ဒစ် အခြေပြု သင်ကြားသင်ယူမှုစနစ်

## (Credit Based Semester–Wise System)

| Programme Criteria | Credit Point Range | | Course Limit in Semester | SLT (hours) | | SLT (hours) Per Week | |
|---|---|---|---|---|---|---|---|
| Required credit points for graduation | 145 | 160 | – | 5800 | 6400 | – | – |
| Nominal semesters | 10 | | – | – | – | – | – |
| Nominal credit points in a semester | 16 | 18 | 6 | 640 | 720 | 40 | 45 |
| Minimum credit points in a semester | 10 | 12 | 4 | 400 | 480 | 25 | 30 |
| Maximum credit points in a semester | 22 | 24 | 8 | 880 | 960 | 55 | 60 |
| Minimum semester limit | 10 | | – | – | – | – | – |
| Maximum semester limit | 16 | | – | – | – | – | – |

## ကွန်ပျူတာအထူးပြု ဘွဲ့ကြိုသင်တန်းအတွက် ခရက်ဒစ် အခြေပြု သင်ကြားသင်ယူမှုစနစ်

## (Credit Based Semester–Wise System)

| Programme Criteria | Credit Point Range | | Course Limit in Semester | SLT (hours) | | SLT (hours) Per Week | |
|---|---|---|---|---|---|---|---|
| Required credit points for graduation | 155 | 164 | – | 6200 | 6560 | – | – |
| Nominal semesters | 8 | | – | – | – | – | – |
| Nominal credit points in a semester | 16 | 18 | 6 | 640 | 720 | – | – |
| Minimum credit points in a semester | 10 | 12 | 4 | 400 | 480 | – | – |
| Maximum credit points in a semester | 22 | 24 | 8 | 880 | 960 | – | – |
| Minimum semester limit | 8 | | – | – | – | – | – |
| Maximum semester limit | 14 | | – | – | – | – | – |

## ကျောင်းသား၏ သင်ကြားသင်ယူလေ့လာချိန်နာရီပေါင်း (Student Learning Time–SLT)

SLT = စာသင်ကြားချိန် + ကိုယ်ပိုင်လေ့လာချိန် + အကဲဖြတ်စစ်ဆေးခြင်းများ

**၁။ သင်တန်းကာလအတွင်း စွမ်းဆောင်ရည် ထိန်းချုပ်ခြင်း**

(က) GPA (၂.၀၀) နှင့်အထက်ရရှိပါက သင်တန်းဆက်လက်တက်ရောက်နိုင်သည်။

(ခ) ပထမဆုံးအကြိမ် (သို့မဟုတ်) ဆက်တိုက်မဟုတ်သောစာသင်နှစ်ဝက်တွင် GPA (၂.၀၀) ထက်နည်းလျှင် ပထမအကြိမ်သတိပေးချက် ထုတ်ပြန်မည်။

(ဂ) (၂) ကြိမ်ဆက်တိုက် GPA (၂.၀၀) ထက်နည်းလျှင် ဒုတိယအကြိမ် သတိပေးချက် ထုတ်ပြန်မည်။

(ဃ) (၃) ကြိမ်ဆက်တိုက် GPA (၂.၀၀) ထက်နည်းလျှင် သင်တန်းမှ ထုတ်ပယ်မည်။

## ၂။ သင်တန်းပြီးမြောက်ခြင်း (Completion of Study)

(က) ဘွဲ့သင်တန်းအတွက် သတ်မှတ်ထားသော သင်တန်းကာလအတွင်း ခရက်ဒစ် ပြည့်မီခြင်း။

(ခ) နည်းပညာအထူးပြုဘွဲ့သင်တန်းများအတွက် စွမ်းဆောင်ရည်သတ်မှတ်ချက်များ

(၁) CGPA (၃.၀) နှင့်အထက်ရရှိပါက ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဘွဲ့သင်တန်း တက်ရောက်ရန် အရည်အချင်း ပြည့်မီသည်။

(၂) CGPA (၂.၇) နှင့်အထက်ရရှိပါက ဘွဲ့လွန်ဒီပလိုမာသင်တန်းတက်ရောက်ရန် အရည်အချင်းပြည့်မီသည်။

(၃) CGPA (၂.၀) နှင့်အထက်ရရှိပါက ဘွဲ့ဒီဂရီရရှိရန် အရည်အချင်းပြည့်မီသည်။

(ဂ) ကွန်ပျူတာအထူးပြုဘွဲ့သင်တန်းများအတွက် စွမ်းဆောင်ရည်သတ်မှတ်ချက်များ

(၁) CGPA (၃.၀) နှင့်အထက်ရရှိပါက မဟာဘွဲ့သင်တန်း တက်ရောက်ရန် အရည်အချင်း ပြည့်မီသည်။

(၂) CGPA (၂.၀) နှင့်အထက်ရရှိပါက ဘွဲ့ဒီဂရီရရှိရန် အရည်အချင်းပြည့်မီသည်။

## ၃။ သင်တန်းမှရပ်စဲခြင်း (Termination of Study)

(က) တရားဝင်ခွင့်ပြုချက်မရှိဘဲ သင်ကြားမှုအများဆုံးကာလ ကျော်လွန်ခြင်း။

(ခ) သင်တန်းကာလအတွင်း စွမ်းဆောင်ရည် ပြည့်မီမှု မရှိခြင်းကြောင့် ထုတ်ပယ် ခံရခြင်း။

## ၄။ ဘာသာရပ်တစ်ခုအတွက်အဆင့်သတ်မှတ်သည့်စနစ် (Grading System for Individual Courses)

(က) အောင်မြင်သောဘာသာရပ်များအား ခရက်ဒစ်အမှတ်များ (Credit Point) သတ်မှတ်သည်။

(ခ) ရရှိပြီးသော Grade နှင့် Grade Point များသည် မည်သည့်အခြေအနေတွင်မဆို ပြောင်းလဲခြင်း မရှိပါ။

(ဂ) Fail နှင့် U အဆင့်ရရှိသောဘာသာရပ်များအတွက် ခရက်ဒစ်အမှတ်များ မရရှိပါ။

(ဃ) Au နှင့် W အဆင့်သတ်မှတ်ထားသော ဘာသာရပ်များမှလွဲ၍ တရားဝင်မှတ်ပုံတင် ထားပြီး အရည်အချင်းပြည့်မီသော ဘာသာရပ်များအတွက် ခရက်ဒစ်အမှတ်များ နှင့် Grade Point အား GPA နှင့် CGPA တွက်ချက်မှုတွင် ထည့်သွင်းစဉ်းစားမည်။

( င) စာသင်နှစ်ဝက်တစ်ခုအတွက် Grade Point Average (GPA) တွက်ချက်ရာတွင် GPA ကို ဒသမ နှစ်နေရာ (2 Decimal Place) ယူသည်။

(စ) စာသင်နှစ်ဝက်များအတွက် Cumulative Grade Point Average (CGPA) တွက်ချက်ရာတွင် CGPA ကို ဒသမ တစ်နေရာ (1 decimal place) ယူသည်။

**၅။ သင်တန်းစီမံခန့်ခွဲမှု (Programme Management)**

**၅.၁ သင်တန်းမှတ်ပုံတင်ခြင်း (Course Registration)**

(က) ပထမစာသင်နှစ်ဝက် (Semester 1) တွင် ကျောင်းသားသည် သက်ဆိုင်ရာ သင်ရိုးညွှန်းတမ်းရှိ သင်ခန်းစာအားလုံးကို သင်ယူရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် ဘာသာရပ်များကိုသာ လေ့လာခွင့်ရှိသည်။

(ခ) ကျောင်းသားသည် အထူးပြုဘာသာရပ်ခွဲပြီး စာသင်နှစ်ဝက် (Semester 1) တစ်ခု၏ (၂) ပတ်အတွင်း သင်တန်းမှတ်ပုံတင်ခြင်း (Course Registration) ပြုလုပ်ရမည်။

သင်တန်းမှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာဌာနနှင့် တက္ကသိုလ်မှ အတည်ပြုမည်။

ကြွေးဆပ်ရန် ပြန်လည်တက်ရောက်ရမည့် ဘာသာရပ်များ (Retake) အတွက် လိုအပ်သော သင်တန်းများအားလုံးကို တက္ကသိုလ်၏ သင်ကြားပေးနိုင်မှုအပေါ်မူတည်၍ ကပ်လျက်စာသင်နှစ်ဝက် ဖွင့်လှစ်ပေးရမည်။

(ဂ) **ကျောင်းတက်ရောက်မှုရာခိုင်နှုန်းသည်** ၇၅% နှင့်အောက် ရရှိပါက ပညာရည်မှတ်တမ်းတွင် U အဆင့်သတ်မှတ်၍ ကပ်လျက်စာသင်နှစ်ဝက်တွင် ကြွေးဆပ်ရန် **Retake** ပြန်လည်တက်ရောက်ရမည်ဖြစ်သည်။

(ဃ) **မပြည့်စုံသောသင်တန်းများ (Incomplete Courses)**

(၁) ကျောင်းသားအား အောက်ပါအခြေအနေများနှင့်ကိုက်ညီပါက မပြည့်စုံသောအဆင့် (Incomplete) အဖြစ် သတ်မှတ်မည်–

(က) ခေတ်ခွဲခန်း/ လက်တွေ့ခန်းများတွင် ဆောင်ရွက်ရမည့် လက်တွေ့သင်ခန်းစာများ အားလုံးကို ပြီးမြောက်ရန် ပျက်ကွက်ခြင်း၊

(ခ) သင်ကြားသင်ယူစဉ် အကဲဖြတ်ခြင်း (Formative Assessment) လုပ်ငန်းများကို ပြီးမြောက်ရန် ပျက်ကွက်ခြင်း၊

(ဂ) သင်ကြားသင်ယူအပြီး အကဲဖြတ်ခြင်း (Summative Assessment) ကို မခံယူခြင်း၊

(၂) လိုအပ်ချက်များကို သိရှိရန် မပြည့်စုံသော (Incomplete – I) အဆင့် ရလဒ်များကို ကြေညာမည်ဖြစ်ပြီး လိုအပ်ချက်များရှိပါက ပြည့်စုံအောင် ဆောင်ရွက်ရမည်။

(၃) လိုအပ်ချက်များကို ဆောင်ရွက်ရန် ပျက်ကွက်ပါက ကျရှုံး (Fail) သို့မဟုတ် ကြွေးဆပ်ရန်ပြန်လည်တက်ရောက်ခြင်း (Retake) အခြေအနေ သတ်မှတ်မည်။

**(င) သင်တန်းများ ရုပ်သိမ်းခြင်း ( Withdrawl of Courses)**

(၁) မှတ်ပုံတင်ထားသော သင်တန်းများကို ရုပ်သိမ်းလိုပါက စာသင်နှစ်ဝက်တစ်ခုတွင် ရက်သတ္တပတ် (၁၀) ပတ်မကုန်မီ ရုပ်သိမ်းနိုင်သည်။

(၂) အများဆုံး စာသင်နှစ်ဝက် ကန့်သတ်ချက်ကို ပြေလည်ရမည်။

(၃) စာသင်နှစ်ဝက်တွင် အနည်းဆုံး CP ကန့်သတ်ချက်ကို ပြေလည်ရပါမည်။

(၄) မသင်မနေရသင်တန်းများကို ကပ်လျက်စာသင်နှစ်ဝက်တွင် ပြန်လည်သင်ကြားရမည်ဖြစ်ပါသည်။

**(စ) အပိုလေ့လာသောဘာသာရပ်များ (Audit Courses)**

(၁) သင်ရိုးညွှန်းတမ်းတွင် လိုအပ်သောသင်တန်းများအပြင် အခြားအပိုဘာသာရပ်များကိုပါ လေ့လာရန် အခွင့်အလမ်း ပေးထားခြင်းဖြစ်သည်။

(၂) အခြား အပို ဘာသာရပ်များကို သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့် အပို လေ့လာသော Au ဘာသာရပ်အဖြစ် မှတ်ပုံတင်နိုင်သည်။

(၃) အဆိုပါ ဘာသာရပ်အား တက်ရောက်ရန်အတွက် စာသင်နှစ်ဝက်တွင် အများဆုံး ခရက်ဒစ်ကန့်သတ်ချက်နှင့် ကိုက်ညီရမည်။

(၄) ကျောင်းသားများသည် Au ဘာသာရပ်၏ စာမေးပွဲများ အပါအဝင် အကဲဖြတ်ခြင်းများ အားလုံးကို ပြီးမြောက်ရမည်။

(၅) အောင်မြင်စွာ ပြီးဆုံးသွားသော Au ဘာသာရပ်များကို ပညာရေးမှတ်တမ်းတွင် Au အဆင့်ဖြင့် ဖော်ပြမည်။

(ဖ) ပြီးဆုံးသော်လည်း မအောင်မြင်သော Au ဘာသာရပ်များကို ပညာရေး မှတ်တမ်းတွင် ဖော်ပြမည်မဟုတ်ပါ။

## ၅.၂ စာသင်နှစ်အားလုံးအတွက် စာမေးပွဲစီမံခန့်ခွဲမှု

(က) စာသင်နှစ်ဝက်တစ်ခု၏ စာမေးပွဲအတွက် Re-exam ကာလမတိုင်မီ အောက် ဖော်ပြပါရလဒ်များကို ကြေညာမည်-

| စဉ် | ရလဒ် | မှတ်ချက် |
|---|---|---|
| ၁ | Pass | Au နှင့် W သင်တန်းမှလွဲ၍ သင်တန်းများ အားလုံး အတွက် ရရှိသော CP, Grade နှင့် GP များ အပေါ် မူတည်သတ်မှတ်သည်။ |
| ၂ | Fail | Re-exam စာမေးပွဲ ပြန်လည်ဖြေဆိုရမည်။ |

(ခ) Re-exam စာမေးပွဲအတွက် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်မည်-

(၁) နောက်စာသင်နှစ်ဝက်မတိုင်မီ (၂) ပတ်အတွင်း ပြန်လည်ဖြေဆိုရမည် ဖြစ်သည်။

(၂) ရလဒ်များကို စာသင်နှစ်ဝက်အသစ်၏ ပထမတစ်ပတ်အတွင်း ကြေညာ မည်။

(၃) ပြန်လည်ဖြေဆိုရသည့် စာမေးပွဲရလဒ်များမှာ အောက်ပါအတိုင်းဖြစ် သည်-

| စဉ် | ရလဒ် | ရရှိသောအမှတ်အရ သတ်မှတ်သော အဆင့်အတန်း |
|---|---|---|
| ၁ | GP ≥ 2.00 | အောင်မြင်သည်။ (Pass, GP = 2.00) |
| ၂ | GP = 1.00 & GPA ≥ 2.00 | General Engineering ဘာသာရပ်များ၊ ရူပဗေဒနှင့် မြန်မာစာဘာသာရပ်များအတွက် ကန့်သတ်ချက်နှင့်အောင်မြင်သည်။ (Marginal Pass) |
| | | Discipline Core / Core Engineering ဘာသာရပ်များ မအောင်မြင်ပါ။ (Fail) |
| ၃ | GP ≤ 1.00 & GPA < 2.00 | ကျရှုံးသည်။ (Fail)<br>ပြန်လည်တက်ရောက်သင်ယူရန် လိုအပ်သည်။ |

(ဂ) **စာမေးပွဲရလဒ်၏ အကျိုးသက်ရောက်မှု**

(၁) ယခင်စာသင်နှစ်ဝက်တွင် သင်တန်းများအားလုံး အောင်မြင်(Pass) ခဲ့လျှင် ကန့်သတ်ချက်မရှိဘဲ အတည်ပြုထားသော စည်းမျဉ်းများ အတိုင်း ဆက်လက်လုပ်ဆောင်မည်။

(၂) အချို့သောသင်တန်းများသည် ယခင်စာသင်နှစ်ဝက်တွင် ကျရှုံး (Fail) ရရှိခဲ့လျှင် ပြန်လည်တက်ရောက် (Retake) ရမည်။ ကြိုတင် လိုအပ်ချက် (Pre-requisite) နှင့် အမြင့်ဆုံး Credit Point (CP) ကန့်သတ်ချက်ကို ထည့်သွင်းစဉ်းစား၍ သင်တန်းတက်ရောက်ရမည်။

(၃) စာသင်နှစ်ဝက်ပြီးဆုံးချိန်တိုင်းတွင် အောက်ဖော်ပြပါ သတ်မှတ်ချက် များကို လိုက်နာရမည်-

(က) သင်တန်းကာလအတွင်း စွမ်းဆောင်ရည်ထိန်းချုပ်ခြင်း

(ခ) သင်တန်းပြီးမြောက်ခြင်း (သို့မဟုတ်) သင်တန်းမှရပ်စဲခြင်း

## ၅.၃ အရည်အသွေးအာမခံချက်

(က) ရလဒ်အခြေပြုပညာရေး (OBE)

(၁) သင်တန်းတစ်ခုစီအတွက် PEOs၊ POs၊ COs နှင့် Constructive Alignment များရရှိရန် အရည်အသွေးအာမခံချက်ရှိသော ပညာရေး စနစ်ကို ကျင့်သုံးမည်။

(၂) ပွင့်လင်းမြင်သာမှုနှင့် ထိရောက်မှုတို့အတွက် သင်တန်းမူဝါဒ၊ ပို့ချမှုနှင့် အကဲဖြတ်မှု အစီအစဉ်များ၊ CQI စဉ်ဆက်မပြတ်လုပ် ဆောင်မည်။

(ခ) တက္ကသိုလ်/ မဟာဌာန (University/ Faculty & Programme level) ၏ အရည်အသွေးစီမံခန့်ခွဲမှုကော်မတီများကို အောက်ပါအတိုင်း လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်မည်-

(၁) ပညာရေးအရည်အသွေး စောင့်ကြည့်ရေး ကော်မတီ (Quality Education Monitoring Committee)

(၂) တက္ကသိုလ်/ မဟာဌာန စာမေးပွဲမေးခွန်းစိစစ်ရေး ကော်မတီ (University/ Faculty Exam Question Moderation Committee)

- ဘာသာရပ်အလိုက် စာမေးပွဲမေးခွန်းစိစစ်ရေး ကော်မတီ (Programme Exam Question Moderation Committee)

(၃) တက္ကသိုလ်/ မဟာဌာန စာမေးပွဲရလဒ်စောင့်ကြည့်ရေး ကော်မတီ

(University/ Faculty Exam Outcome Monitoring Committee)

- ဘာသာရပ်အလိုက် စာမေးပွဲရလဒ်စောင့်ကြည့်ရေး ကော်မတီ (Programme Exam Outcome Monitoring Committee)

(၄) ဘာသာရပ်များစီမံခန့်ခွဲမှု ကော်မတီ (Programme Management Committee in Department)

(၅) အကောင်အထည်ဖော်ရေးနှင့် ရလဒ်စောင့်ကြည့်ရေး ကော်မတီ (Programme Implementation & Outcome Monitoring Committee)

## ၅.၄ အတန်းတက်ရောက်ခြင်း စီမံခန့်ခွဲမှု (Class Attendance Management)

ကျောင်းသားများသည် စာရင်းသွင်းထားသော သင်တန်းများအားလုံး၏ သင်ကြားသင်ယူမှုနှင့် အကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် လိုက်ပါရန် တာဝန်ရှိသည်။ အဆိုပါလုပ်ငန်းစဉ်များတွင် လိုက်ပါခြင်း မရှိပါက လေ့လာမှု၏ ရလဒ်အပေါ် အနုတ်လက္ခဏာဆောင်သော အကျိုးသက်ရောက်မှုများ ဖြစ်စေမည် ဖြစ်သည်–

(က) သင်တန်းတက်ရောက်သူသည် သင်တန်းတစ်ခုအတွက် အမှန်တကယ် အတန်းတက်ရောက်ပြီး သင်ကြားသင်ယူသည့် အချိန်ပေါ် မူတည်၍ တွက်ချက်သည်။ အမှန်တကယ် သင်ကြားပို့ချခြင်း (Lecture)၊ အနီးကပ် သင်ကြားပြသပေးခြင်း (Tutorial)၊ Learning Management System (LMS) တွင် လေ့လာချိန်များကို သင်တန်းတစ်ခုအတွက် အမှန်တကယ် သင်ကြားသင်ယူချိန်အဖြစ် ရေတွက်သည်။

(ခ) သက်ဆိုင်ရာဌာနသည် သင်တန်းတက်ရောက်မှုကို တွက်ချက်ရန် တာဝန်ရှိပါသည်။ သင်ကြားရေးဆရာ၊ ဆရာမများသည် အမှန်တကယ် ထိတွေ့သင်ကြားချိန်အတွက် တာဝန်ရှိပါသည်။

(ဂ) ကျောင်းသားတစ်ဦးအား ခွင့်ရက် တရားဝင် ခွင့်ပြုထားသည့်ကာလသည် အမှန်တကယ် ထိတွေ့သင်ကြားချိန်၌ ပါဝင်မည်မဟုတ်ပါ။

## ၅.၅ သင်တန်းပျက်ကွက်ခြင်း (Absence from the Study)

အောက်ဖော်ပြပါ ပျက်ကွက်မှုအခြေအနေပေါ်မူတည်၍ တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနမှ ခွင့်ပြုမည်–

(က) စာသင်နှစ်ဝက်၏ အမှန်တကယ် ထိတွေ့သင်ကြားချိန်၏ ၁၅% အထိ ပျက်ကွက်ခြင်း

သင်တန်းတစ်ခုအတွက် သင်ကြားရေး ဆရာ၊ ဆရာမများသည် ကျောင်းသား၏ ပျက်ကွက်ခွင့်ကို ကြိုတင်တင်ပြစာ သို့မဟုတ် ရှင်းလင်းချက်ဖြင့် အတည်ပြုနိုင်သည်။ ပျက်ကွက်ခွင့်ကို သက်ဆိုင်ရာဌာနမှူးထံ တင်ပြရမည်။

(ခ) စာသင်နှစ်ဝက်တစ်ခု၏ ၁၅% မှ ၂၅% အထိ ပျက်ကွက်ခြင်း

ဌာနမှူးသည် တရားဝင်ခွင့်ပြုချက်ပေးရန် တက္ကသိုလ်ပညာရေးအဖွဲ့ထံ ကြိုတင်တင်ပြစာ (သို့မဟုတ်) ရှင်းလင်းချက်ဖြင့် ပျက်ကွက်ခွင့်ကို အတည်ပြုရမည်။ အတည်ပြုချက် ရရှိပြီးသည့် ပျက်ကွက်ခွင့်အား ခရက်ဒစ်တွက်ချက်ရာတွင် ထည့်သွင်းမည်မဟုတ်ပါ။

(ဂ) စာသင်နှစ်ဝက်တစ်ခုတွင် သင်ရိုးညွှန်းတမ်း၏ ၂၅% ထက်ပို၍ ပျက်ကွက်ခြင်း

ဌာနမှူးမှ တရားဝင်ခွင့်ပြုချက်ရယူရန် တက္ကသိုလ်ပညာရေးအဖွဲ့ထံ ကြိုတင်အသိပေးအကြောင်းကြားစာ (သို့မဟုတ်) ရှင်းလင်းချက်ဖြင့် ပျက်ကွက်ခြင်းကို တင်ပြရမည်။ တက္ကသိုလ်ပညာရေးအဖွဲ့သည် အောက်ဖော်ပြပါ ဆုံးဖြတ်ချက်များကိုချမှတ်နိုင်မည်–

(၁) သက်ဆိုင်ရာ စာသင်နှစ်ဝက်အတွက် သင်တန်းများအားလုံးကို ရုပ်သိမ်းခြင်း၊ (အများဆုံး ပညာသင်ကာလ တွက်ချက်မှုတွင် ထည့်သွင်းမည်။)

(၂) သက်ဆိုင်ရာ စာသင်နှစ်ဝက်အတွက် ပျက်ကွက်ခွင့်ပြုခြင်း၊ (အများဆုံး ပညာသင်ကာလ တွက်ချက်မှုတွင် ထည့်သွင်းမည် မဟုတ်ပါ။)

(၃) သင်တန်းများအားလုံးကို နှုတ်ထွက်ခွင့်ပြုခြင်း၊

(ဃ) စာသင်နှစ်ဝက် တစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ ပျက်ကွက်ခြင်း

ဌာနမှူးမှ တရားဝင်ခွင့်ပြုချက်ရယူရန် တက္ကသိုလ်ပညာရေးအဖွဲ့ထံ ကြိုတင်အသိပေးစာ (သို့မဟုတ်) ရှင်းလင်းချက်ဖြင့် ပျက်ကွက်ခြင်းကို တင်ပြရမည်။ တက္ကသိုလ်ပညာရေးအဖွဲ့သည် ပျက်ကွက်ခွင့်ကို ခွင့်ပြုရန် (သို့မဟုတ်) ငြင်းပယ်ရန် ဆုံးဖြတ်မည်။

(၁) သက်ဆိုင်ရာ စာသင်နှစ်ဝက်(များ)အတွက် ပျက်ကွက်ခွင့်ပေးခြင်း၊ (အများဆုံး ပညာသင်ကာလ တွက်ချက်မှုတွင် ထည့်သွင်းမည် မဟုတ်ပါ။)

## Grade Point Average (GPA), Cumulative Grade Point Average (CGPA) တွက်ချက်မှု နမူနာများ

၁။ Grade Point Average (GPA)

| Course Code | Credit | Grade | Grade Point | Earned Point |
|---|---|---|---|---|
| EBM1013 | 3 | B+ | 3.33 | 9.99 |
| EBQ1013 | 3 | B | 3.00 | 9.00 |
| EBF1013 | 3 | A– | 3.67 | 11.01 |
| SSX0012 | 2 | A | 4.00 | 8.00 |
| **Total** | **11** | | | **38.00** |

Earned Points = (Awarded Credit Points x Awarded Grade Points) for a Course

**Grade Point Average (GPA) for Semester**

$$GPA_X = \frac{Total\ earned\ points\ in\ semester\ X}{Total\ credit\ points\ of\ eligible\ courses\ in\ semester\ X}$$

$$= \frac{38.00}{11}$$

$GPA_1 = 3.45$

၂။ Cumulative Grade Point Average (CGPA)

| Course Code | Credit | Grade | Grade Point | Earned Point |
|---|---|---|---|---|
| EBF1023 | 3 | B | 3.00 | 9.00 |
| EBQ1023 | 3 | B– | 2.67 | 8.01 |
| PBF1012 | 2 | A | 4.00 | 8.00 |
| SSX0022 | 2 | A | 4.00 | 8.00 |
| **Total** | 10 | | | 33.01 |

$$\text{CGPA} = \frac{\text{Total earned points in semesters under consideration}}{\text{Total credit points of eligible courses in semesters under consideration}}$$

$$= \frac{38.00 + 33.01}{11 + 10}$$

$$= \frac{71.010}{21}$$

CGPA = 3.4